မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၇ ရက်၊ ၂၀၀၇ ခုနှစ်၊ မေ ၈ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၉၀)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်	စီးပွားရေးဦးတည်ချက်(၄)ရပ်	လူမှုရေးဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး * အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာနိုင်ငံက လူသားများကို ဒုက္ခပေးနေသည့် ရောဂါဆိုးကြီးသုံးရပ် ကာကွယ်ကုသရေး အစွမ်းကုန်ကြိုးပမ်းနေ

အဖျက်သမားများက လူသားချင်းစာနာမှုအကူအညီပေးသည့်နိုင်ငံများကို ဟန့်တားလုပ်ဆောင်လျက်ရှိ

ပြည်ပမီဒီယာများနှင့်ပေါင်းပြီး ရောဂါဆိုးကြီးများကို ဗန်းပြချဲ့ကားသည့်သတင်းဆိုးများ ဖြန့်ချိနေ

မြန်မာ့မြေပေါ်က ရောဂါဆိုးကြီးများ ပျောက်ကွယ်သွားသည်အထိ မိတ်ဆွေနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၇ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၇

ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသော ၂၀၀၇ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉နာရီက နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် ဇနီး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားကျန်းမာရေးကော်မတီဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Professor, Adik Wibowo၊ UNICEF၊ UNDP၊ UNFPA/JOICEP၊ UNAIDS နှင့် UNOPS တို့မှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဗဟိုအဆင့်ဆေးရုံအုပ်ကြီးများနှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✡

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

ဘယ်သွားနေလဲ မင်းကိုနိုင်

ယနေ့အချိန်အခါဟာ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ဖြစ်လာအောင် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ပြီး အကောင်အထည်ဖော်နေချိန်ဖြစ်၊ အရည်အချင်းပြည့်ဝတဲ့၊ ကိုယ်ကျိုးစွန့် အနစ်နာခံတတ်တဲ့၊ ရိုးသားကြိုးစားတဲ့ လူတော်လူကောင်းတွေကသာ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်း ပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်ကြီးဖြစ်လာအောင် စွမ်းဆောင်နိုင်။

ငါးမင်းဆွေ၏ ဆောင်းပါး (စာ-၈/၉)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဧပြီလ ၈ ရက်)

နိုင်ငံနှင့်ပြည်သူအကျိုးဖြစ်ထွန်းစေမည့် စက်မှုကုန်ကြမ်းသီးနှံရော်ဘာ တိုးချဲ့စိုက်ပျိုး

ရော်ဘာသည် ပြည်တွင်းစက်မှုလက်မှု လုပ်ငန်းများအတွက်သာမက ပြည်ပပို့ကုန်အတွက်လည်း အရေးပါသော သီးနှံတစ်မျိုး ဖြစ်သည်။

မြန်မာနိုင်ငံ၌ ၁၈၇၆ခုနှစ်ကတည်းက ရော်ဘာကို စတင်စိုက်ပျိုးခဲ့သည်။ ၁၉၆၂–၁၉၆၃ခုနှစ်အထိ ဧရိယာတစ်သိန်းရှစ်သောင်းကျော် စိုက်ပျိုးခဲ့သည်။ ၁၉၈၈ခုနှစ် နောက်ပိုင်းတွင် ရော်ဘာစိုက်ပျိုးသည့် ဧရိယာများ မြင့်မားလာခဲ့သည်။

၁၉၉၇–၁၉၉၈ ခုနှစ်တွင် ဧက သုံးသိန်းကျော်စိုက်ပျိုးခဲ့ပြီး ၂၀၀၅–၂၀၀၆ ခုနှစ်အထိ ဧက ငါးသိန်းကျော် တိုးချဲ့စိုက်ပျိုးနိုင်ခဲ့သည်။

ရော်ဘာကို မြေညီမြေပြန့်တွင်သာမက ကုန်းမြေများ၊ လျှိုမြောင်များ၊ တောင်စောင်းများ၌ပါ စိုက်ပျိုးဖြစ်ထွန်းလျက် ရှိသည်။ ယခင်က တနင်္သာရီတိုင်းနှင့် မွန်ပြည်နယ်တို့၌သာ စိုက်ပျိုးခဲ့သော်လည်း ယခုအခါ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းတို့၌ပါ စမ်းသပ်စိုက်ပျိုး အောင်မြင်နေပြီ ဖြစ်သည်။

နိုင်ငံတစ်ဝန်းတွင် ရော်ဘာစိုက်ပျိုးနိုင်သည့် အခြေအနေကောင်းများရှိရာ စီးပွားဖြစ်စိုက်ပျိုးခြင်းကြောင့် ဒေသ၏ လူမှုစီးပွားဘဝ မြင့်မားစေမည့်အပြင် နိုင်ငံခြားဝင်ငွေများ တိုးပွားရရှိနိုင်မည် ဖြစ်သည်။

ရော်ဘာစိုက်ဧက တိုးတက်လာသည်နှင့်အမျှ အထွက်ကောင်းမျိုးများ စိုက်ပျိုးခြင်းနှင့် နည်းစနစ်တကျ အစေးလှီး စနစ်မှန်ကန်စွာ ကျင့်သုံးလာခြင်းကြောင့် အထွက်နှုန်း မြင့်မားလာလျက်ရှိသည်။

၂၀၀၆–၂၀၀၇ခုနှစ်တွင် ရော်ဘာနှစ်သိန်း လျာထားစိုက်ပျိုးလျက်ရှိရာ ဧကခုနစ်သိန်းကျော်ရှိလာမည် ဖြစ်သည်။ အထူးသဖြင့် ဒေသနှင့်ကိုက်ညီသည့် အထွက်ကောင်းမျိုးများ ရွေးချယ်စိုက်ပျိုးလျက် ရှိသည်။ စက်မှုနည်းပညာ တိုးတက်ထွန်းကားလာသဖြင့် ရော်ဘာကို မော်တော်ကားတာယာများ၊ စက်ပစ္စည်းကိရိယာများ၊ လျှပ်စစ်ပစ္စည်းကိရိယာများ၊ လူ့အသုံးအဆောင်ပစ္စည်းများ၊ ဆေးရုံသုံးပစ္စည်းများနှင့် ဖိနပ်လုပ်ငန်းများ စသည်တို့တွင် တွင်ကျယ်စွာ အသုံးပြုလာကြသည်။

သို့ဖြစ်ရာ စက်မှုလုပ်ငန်း ထွန်းကားတိုးတက်လာသည်နှင့်အမျှ ရော်ဘာအသုံးပြုမှုသည်လည်း များပြားလာလျက်ရှိရာ ရော်ဘာကို နိုင်ငံတစ်ဝန်း တိုးချဲ့စိုက်ပျိုးခြင်းဖြင့် နိုင်ငံအတွက်သာမက စိုက်ပျိုးသူများပါ အကျိုးဖြစ်ထွန်းစေမည့် စက်မှုကုန်ကြမ်းသီးနှံ ဖြစ်ပါကြောင်း ဖော်ပြလိုက်ရပေသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သင်တန်းမှပို့ချလိုက်သော ဗဟုသုတ၊ အတွေ့အကြုံများ လုပ်ငန်းသဘာဝအလိုက် ထိရောက်စွာအသုံးချ အရည်အသွေး၊အရည်အချင်းများ ထက်မြက်အောင်ကြိုးပမ်း

နေပြည်တော် ဧပြီ ၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အရာရှိများအတွက် ဘာသာရပ်ပို့ချမှုရက်တိုသင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၁၀နာရီက နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ဝင်းစိန်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ သင်တန်းတာဝန်ခံများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

မှာကြား

သင်တန်းဆင်းပွဲတွင် ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက သင်တန်းမှပို့ချလိုက်သည့် ဗဟုသုတ အတွေ့အကြုံများကို မိမိတို့၏ လုပ်ငန်း သဘာဝအလိုက်စနစ်တကျ ထိရောက်စွာအသုံးချ ဆောင်ရွက်သွားရေးနှင့် ဆက်လက်လေ့လာဆည်းပူးရေး၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေး အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ မိမိတို့၏ လုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်သွားရေး၊ မိမိတို့၏အရည်အသွေး၊ အရည်အချင်းများ အစဉ်ထက်မြက်နေအောင် ကြိုးပမ်းဆောင်ရွက်ကြရေးတို့ကို မှာကြားသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

ဒုလ္လဘ တရားစခန်းပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၇

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် မြို့မရေလည်ကျောင်းတိုက် သာသနာပြုဆရာတော် အရှင်နန္ဒာလင်္ကာရကြီးမှူး၍ (၇)ကြိမ်မြောက် အခိဋ္ဌာန် စုပေါင်းရဟန်းခံ၊ ဒုလ္လဘ တရားစခန်းကို ရန်ကုန်၊ သုံးခွ၊ ခရမ်းနှင့် ပဲခူးမြို့များမှ တပည့်ဒါယကာ၊ ဒါယိကာမများ စုပေါင်း၍ ၁၃၆၈ ခုနှစ် တန်ခူးလပြည့်ကျော် ၁၁ရက်မှ ကဆုန်လဆန်း ၃ ရက်နေ့အထိ (ဧပြီ ၁၂ ရက်မှ ၁၈ရက် အထိ) အဓိဋ္ဌာန်ဝိပဿနာ တရားစခန်း ကျင်းပမည်ဖြစ်ရာ ဆက်သွယ် လှူဒါန်းလိုသူများသည် ဆရာတော် အရှင်နန္ဒာလင်္ကာရ မြို့မရေလည်ကျောင်းတိုက် ဖုန်း–၃၉၀၄၂၂ လိုင်းခွဲ ၂၀၅၂သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၈–၄–၂၀၀၇ (တနင်္ဂနွေနေ့)

- ၇း၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
- ၇း၀၅ မနွမ်းသောပန်း၊ မခန်းသောစမ်း တရားတော် (ဒုတိယပိုင်း) အရှင်ဂုဏိန္ဒ (ဆင်ဖြူတောင်) ဆရာတော်
- ၈း၀၀ Sunday Talk [(မျိုးမြတ်သူ၊ ဒေါက်တာဇော်သန်း၊ ကိုကို (စက်မှုတက္ကသိုလ်)]
- ၈း၅၀ ခါသကြိန်အဆိုအက
- ၈း၅၅ ကြည်ညိုဖူးမြော် ရှင်ပင်စက္ကိန်းတဲစေတီတော်
- ၉း၀၅ ပြည်တွင်းသတင်းအကျဉ်း
- ၉း၁၅ ခေတ်မီပျားမွေးမြူရေးလုပ်ငန်း (ပျားဘုရင်မ မွေးမြူရေး)
- ၉း၃၀ ခါသကြိန်အဆိုအက
- ၉း၃၅ နိုင်ငံတကာအနုပညာရေးရာ
- ၁၀း၀၀ မိုးလေဝသခန့်မှန်းချက်
- ၁၀း၀၅ ခါသကြိန်အဆိုအက
- ၁၀း၁၀ လှပဝင့်ထည် မြန်မာ့ကြိမ်ထည်
- ၁၀း၃၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀း၃၅ ချောင်းသာကမ်းခြေအလှနှင့် သဲပန်းပုအနုပညာ
- ၁၀း၅၀ ခါသကြိန်အဆိုအက
- ၁၀း၅၅ ခေတ်မီဖွံ့ဖြိုးတိုးတက်လာသော ဆေးဝါးများ
- ၁၁း၂၅ ပြည်တွင်းသတင်းအကျဉ်း
- ၁၁း၃၅ 'အင်း'ငွေပန်းထိမ်ရဲ့အငွေ့အသက်
- ၁၁း၅၅ ခါသကြိန်အဆိုအက
- ၁၂း၀၀ ကျန်းမာပေ့ါပါး ရေကူးအားကစား
- ၁၂း၂၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၂း၂၅ ခါသကြိန်အဆိုအက
- ၁၂း၃၀ အန္တရာယ်ကင်းသောမိခင်ဘဝ
- ၁၂း၄၅ ခါသကြိန်အဆိုအက
- ၁၂း၅၀ အတာသတ်ပွဲ (ထားဝယ်ရိုးရာအက)
- ၁း၀၀ MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ရှင် ၁၀၀၀ ရှင်ပြုအလှူနှင့် သီတဂူဓမ္မသဘင်

ရန်ကုန် ဧပြီ ၇

ပဲခူးတိုင်း (အနောက်ပိုင်း) ပေါင်းတည်မြို့ ဘုရားကြီးလမ်း ရှမ်းမလေး ကုန်မျိုးစုံစတိုးမိသားစုတို့၏ သိက္ခာထပ်ရဟန်းခံ ရှင်အပါး၁၀၀၀ရှင် ပြုအလှူတော် မင်္ဂလာပွဲကို သကျမုနိမိုးကောင်းဘုရားကြီး အာရုံခံတန်ဆောင်းတွင် ကျင်းပမည်ဖြစ်ပြီး(၁၃၆၉ခုနှစ် ကဆုန်လဆန်း ၆ရက်)ဧပြီ ၂၁ ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော် ဒေါက်တာအရှင် ဉာဏိဿရကအနုမောဒနာတရားဟောကြားမည် ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြဝတီရုပ်မြင်သံကြား

၈–၄–၂၀၀၇ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

နေ့လယ်ပိုင်း

- ၁၂း၀၀ ၁။ မြဝတီအဖွင့်
- ၁၂း၀၅ ၂။ အဖွင့်သီချင်း
- ၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂း၂၀ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
- ၁၂း၃၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **ဂငယ်ကွေ့**
- ၁၃း၅၀ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၂၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
- ၄း၃၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄း၃၅ ၅။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- ၄း၄၅ ၆။ ခါသကြိန်အဆိုအကများ
- ၄း၅၅ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၅း၀၀ ၈။ သံစဉ်များနှင့်ကမ္ဘာ
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆း၁၅ ၁၁။ မိုးလေဝသသတင်း
- ၆း၂၀ ၁၂။ ခါသကြိန်အဆိုအကများ
- ၆း၃၀ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၄၀ ၁၄။ လျှပ်တစ်ပြက်
- ၆း၄၅ ၁၅။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
- ၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရှိတော့ရှိတယ် ရှားတယ်** (အပိုင်း–၅)
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ ပဟေဋ္ဌိနန်းတော်
- ၂၀။ ကျန်းမာသုတ
- ၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရွှေမင်းသမီး** (ဒုတိယတွဲ) (အပိုင်း–၃၄)

✡ ရှေ့ဖုံးမှ

ရှေးဦးစွာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က မိန့်ခွန်းပြောကြားရာတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးစတင်ဖွဲ့စည်းခဲ့သည့် ဧပြီ ၇ ရက်ကို ကမ္ဘာ့ကျန်းမာရေးနေ့အဖြစ်သတ်မှတ်ပြီး နှစ်စဉ် အထိမ်းအမှတ်လှုပ်ရှားမှုများကို ဆောင်ရွက်လျက်ရှိကြကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ရာတွင် ကမ္ဘာပေါ်၌ ဖြစ်ပွားနေသည့်ရောဂါများနှင့် စီမံခန့်ခွဲရေးဆိုင်ရာပြဿနာများကို ဖော်ထုတ်ပြီး အဖွဲ့ဝင်နိုင်ငံအသီးသီးက သတိပြုသိရှိလာကြစေရန်နှင့် တညီတညွတ်တည်း ဦးစားပေး ဆောင်ရွက်နိုင်စေရန်အတွက် နှစ်စဉ်ဆောင်ပုဒ်များ သတ်မှတ် လှုံ့ဆော်ပေးခဲ့ကြောင်း၊ ယခုနှစ်တွင် ကျန်းမာရေးအတွက် ပိုမိုရင်းနှီးမြှုပ်နှံလာရေးကို ဦးတည်သည့် (Invest in health build a safer future) "အနာဂတ်ဘဝလုံခြုံဖို့ ကျန်းမာရေးအတွက်ရင်းနှီးစို့" ဆိုသည့် ဆောင်ပုဒ်ကို ရွေးချယ်ထားကြောင်းကို သိရကြောင်း၊ ကျန်းမာရေးပြဿနာများ၊ ရောဂါများကို ဖြေရှင်းဆောင်ရွက်ကြရာတွင် ရေရှည်အကျိုးစီးပွားကို မျှော်မှန်းပြီး အမျိုးသားရေးစွမ်းအားစုများကို အစွမ်းကုန်အသုံးချကြိုးပမ်းဆောင်ရွက်သွားကြရန် နှိုးဆော်ထားခြင်းဖြစ်သည်ဟု နားလည်ကြောင်း။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အနေဖြင့် မိမိနိုင်ငံသူနိုင်ငံသား အားလုံးအတွက် ကျန်းမာရေးစောင့်ရှောက်မှု ပြည့်ပြည့်ဝဝပေးနိုင်စေရန် အလေးအနက်ထားဆောင်ရွက်လျက်ရှိရာတွင် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးဆိုသည့် လူမှုရေးဦးတည်ချက်နှင့်အညီ အနှစ်(၃၀)အမျိုးသားကျန်းမာရေး နှစ်ရှည်စီမံကိန်းကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ဖြန့်ကြက်ကြိုးပမ်း

အမျိုးသားကျန်းမာရေးစီမံကိန်းအရ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တိုးမြှင့်လွှမ်းခြုံပေးနိုင်ရန်၊ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးမြှင့်တင်ပေးနိုင်ရန်၊ ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာရန် ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ နိုင်ငံတကာအဆင့်မီ ရောဂါရှာဖွေရေး၊ ကုသရေးဆိုင်ရာ နည်းပညာများ၊ ခေတ်မီပစ္စည်းကိရိယာများ တိုးတက်ဖြစ်ထွန်းရေး စသည့် ကဏ္ဍများတွင် ဟန်ချက်ညီညီ ဖြန့်ကြက်ကြိုးပမ်း ဆောင်ရွက်နေကြောင်း။

တိုးချဲ့ဖွင့်လှစ်ပေး

ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်လွှမ်းခြုံပေးနိုင်ရန်နှင့် ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးပြည့်ပြည့်ဝဝ ရရှိခံစားနိုင်ကြရန်အတွက် အဆင့်မြင့်ဆေးရုံသစ်ကြီးများ၊ အထွေထွေရောဂါကု၊ အထူးကုနှင့် သင်ကြားရေးဆေးရုံကြီးများ တိုးချဲ့ဖွင့်လှစ်ပေးနေသကဲ့သို့ ရှိပြီးဆေးရုံများကိုလည်း အဆင့်မြှင့်တင်တိုးချဲ့ပေးလျက်ရှိကြောင်း၊ ထိုနည်းတူ နယ်စပ်အစွန်အဖျားဒေသများနှင့် ကျေးလက်များရောက်သည်အထိ ဒေသန္တရကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာနများကို တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိကြောင်း။

အဆင့်မြှင့်တင်ပေး

ယခုဆိုလျှင် ပြည်နယ်နှင့်တိုင်း ၁၄ ခုတွင် အချက်အချာကျသည့် မြို့ကြီး ၂၄ မြို့ကို အခြေပြုထားသည့် ဖွံ့ဖြိုးရေးအထူးဒေသကြီးတိုင်းတွင် ခုတင်(၂၀၀)ဆံ့ဆေးရုံ အနည်းဆုံးတစ်ရုံစီ ရှိနေပြီဖြစ်ကြောင်း၊ မြို့အဆင့်တွင် အနည်းဆုံး (၁၆)ခုတင်ဆံ့ ဆေးရုံရှိပြီး၊ အများစုသည် (၂၅)ခုတင်ဆံ့ဆေးရုံ အဆင့်မြှင့်တင်ပေးပြီးဖြစ်ကြောင်း။

စီမံပေးထား

ခရိုင်အဆင့် ဆေးရုံကြီးများတွင် အထူးကုဆရာဝန်ကြီးများ၊ ပါရဂူများနှင့် ပညာရှင်များ ဖြည့်တင်းပေးထားသကဲ့သို့ နိုင်ငံတကာအဆင့်မီ ရောဂါရှာဖွေရေး၊ ကုသရေးနှင့် ဆေးရုံသုံးပစ္စည်းကိရိယာများ စုံစုံလင်လင်ရှိစေရအောင် စီမံပေးထားပြီး ဖြစ်ကြောင်း။

တိုးချဲ့လက်ခံ

ဆေးပညာ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်စေရေးအတွက် ဆေးတက္ကသိုလ်များအပါအဝင် ကျန်းမာရေးဆိုင်ရာ တက္ကသိုလ်များ တိုးမြှင့်ဖွင့်လှစ်ပြီး ကျောင်းသူကျောင်းသားများ တိုးချဲ့လက်ခံသင်ကြားပေးလျက်ရှိကြောင်း။

ထူထောင်ပေးထား

ယခုအခါတွင် ဆေးတက္ကသိုလ်လေးခု၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်နှစ်ခု၊ သူနာပြုတက္ကသိုလ်နှစ်ခု၊ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်နှစ်ခု၊ ဆေးဝါးတက္ကသိုလ်နှစ်ခု၊ အခြေခံကျန်းမာရေးတက္ကသိုလ်တစ်ခုတို့အပြင် တိုင်းရင်းဆေးတက္ကသိုလ်တစ်ခုကိုပါ ထူထောင်ထားပြီးဖြစ်ကြောင်း၊ ထို့အပြင် တပ်မတော်ဆေးတက္ကသိုလ်တစ်ခုနှင့် တပ်မတော်သူနာပြုနှင့် ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်တစ်ခုကိုလည်း ထူထောင်ပေးထားပြီးဖြစ်ကြောင်း။

ရည်မှန်းချက်ရှိရှိ

ဆေးပညာနှီးနှောဖလှယ်ပွဲများ အချိန်မှန်မှန်ကျင်းပပြီး ဆေးပညာသင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများ နိုင်ငံတကာအဆင့်မီရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ ဆေးသိပ္ပံပညာ နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်ရေး၊ အဆင့်မြင့်သင်ကြားရေး အထောက်အကူပြုပစ္စည်းများ ဖြည့်တင်းပေးရေးအတွက်လည်း လေးနှစ်အထူးစီမံကိန်းတစ်ရပ် ချမှတ်ပြီး ရည်မှန်းချက်ရှိရှိ မြှင့်တင်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း။

ထည့်သွင်းဆောင်ရွက်

ပြည်သူများ ကျန်းမာရေးအသိပညာမြင့်မားရေး၊ ကျန်းမာရေးနှင့် လျော်ညီစွာ ကျင့်ကြံနေထိုင်နိုင်ရေးအတွက် ကျေးလက်ဒေသများတွင် လွှမ်းခြုံ အကောင်အထည်ဖော်ပေးနေသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီးများတွင် သန့်ရှင်းသော သောက်သုံးရေရရှိရေးနှင့် ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်း မြှင့်တင်ရေးလုပ်ငန်းများကို ထည့်သွင်းဆောင်ရွက်နေကြောင်း။

မြှင့်တင်ပေးနိုင်

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် ဆောင်ရွက်နေသည့် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများအပါအဝင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ၊ ရေကောင်းရေသန့်ရရှိရေးလုပ်ငန်းများသည် ရောဂါထိန်းချုပ်ရေးလုပ်ငန်းများကို အထောက်အကူများစွာဖြစ်စေသကဲ့သို့ ပြည်သူများ၏ ကျန်းမာရေး၊ လူမှုရေး အဆင့်အတန်းကိုလည်း မြှင့်တင်ပေးနိုင်လျက်ရှိကြောင်း။

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဧည့်သည်တော်များ ခင်းကျင်းပြသထားသော ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့၏ ကျန်းမာရေးပညာပေးစာစောင်၊ စာအုပ်များနှင့် လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဌာနေကိုယ်စားလှယ် Professor, Adik Wibowo က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး၏ ၂၀၀၇ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ သဝဏ်လွှာကို ဖတ်ကြားစဉ်။ (သတင်းစဉ်)

များစွာထောက်ကူ

အထူးသဖြင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု၊ ဝန်ကြီးဌာနအသီးသီး၏ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်မှု၊ နိုင်ငံတကာနှင့် ပြည်တွင်းရှိ လူမှုရေးအသင်းအဖွဲ့များ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများသည် ရောဂါဆိုးကြီးများ ကာကွယ်တိုက်ဖျက်ရေး၊ ပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်းမြှင့်တင်ရေး၊ ကျန်းမာရေးအသိပညာရရှိရေးနှင့် ကျန်းမာရေးနှင့်လျော်ညီစွာ နေထိုင်နိုင်ရေး ရည်မှန်းချက်များ အောင်မြင် ဖြစ်ထွန်းစေရန်အတွက် များစွာအထောက်အကူဖြစ်စေလျက်ရှိကြောင်း။

ခြိမ်းခြောက်လျက်ရှိ

ယနေ့ ကမ္ဘာပေါ်တွင် တီဘီရောဂါ၊ ငှက်ဖျားရောဂါများကဲ့သို့ ယခင်အချိန်က ကမ္ဘာ့လူသားထုတစ်ရပ်လုံးကို ဒုက္ခပေးခဲ့သည့် ကူးစက်ရောဂါများ ပြန်လည် ခေါင်းထောင်ဖြစ်ပွားနေသကဲ့သို့ အေအိုင်ဒီအက်စ်ရောဂါ၊ SARS ရောဂါ၊ ကြက်ငှက်တုပ်ကွေးရောဂါများကဲ့သို့ ရောဂါသစ်များသည်လည်း ကျန်းမာရေးအန္တရာယ်များအဖြစ် ကမ္ဘာပေါ်ရှိ လူသားထုတစ်ရပ်လုံးကို ခြိမ်းခြောက်လျက်ရှိကြောင်း။

ထိခိုက်ပျက်စီး

ထို့အပြင် ငလျင်ဘေး၊ ဆူနာမီလှိုင်းလုံးကြီးများ၏ အန္တရာယ်၊ မီးတောင်ပေါက်ကွဲမှု၊ ရေလွှမ်းမိုးမှု စသည့် သဘာဝဘေးအန္တရာယ်များ၊ အကြမ်းဖက်မှု၊ စစ်မက်ဖြစ်ပွားမှုစသည့် လူတို့၏ပယောဂကြောင့် ဖြစ်ပွားရသည့် ဘေးအန္တရာယ်များသည်လည်း ကမ္ဘာပေါ်တွင် မကြာခဏကြုံတွေ့နေရပြီး လူသားများ၏ အသက်အိုးအိမ် စည်းစိမ်ကို ထိခိုက်ပျက်စီးစေလျက်ရှိကြောင်း။

၎င်းအခြင်းအရာများသည် လူသားများ၏ ကျန်းမာရေးအဆင့်အတန်းများ၊ မျှော်မှန်းသက်တမ်းများကို လျော့ကျစေလျက်ရှိကြောင်း၊ ထို့ကြောင့် ကျန်းမာရေးအဆင့်အတန်းများ တိုးမြင့်လာစေရန်နှင့် လူများ၏ မျှော်မှန်းသက်တမ်းများ ရှည်လာစေရန်အတွက် ကျန်းမာရေးကဏ္ဍတစ်ခုတည်းဆောင်ရွက်၍ မရနိုင်သည့် အခြေအနေကို ရောက်ရှိနေပြီဖြစ်ကြောင်း။

ထိန်းချုပ်ထားရန်လို

ထို့အပြင် သိပ္ပံနှင့်နည်းပညာရပ်များ၏ ဖွံ့ဖြိုးတိုးတက်လာမှုသည် ကမ္ဘာ့၏ ဒေသတစ်ခုနှင့်တစ်ခု ကူးသန်းဆက်သွယ်သွားလာမှုများကို အလွန် လျင်မြန်လာစေလျက်ရှိသည့်အတွက် ကမ္ဘာပေါ်၌ နေရာဒေသတစ်ခုခုတွင် စတင်သည့် ကျန်းမာရေးပြဿနာတစ်ခုသည် အခြားနေရာဒေသများကို လွယ်လွယ်ကူကူ လျင်လျင်မြန်မြန်ရောက်ရှိ ဖြစ်ပွားလာနိုင်သည့် အခြေအနေမျိုးရှိနေပြီဖြစ်ကြောင်း၊ SARS ရောဂါသည် ဟောင်ကောင်တွင် စတင်ခဲ့ရာမှ တစ်ဆင့် စင်ကာပူ၊ ထိုင်း၊ အမေရိကန်၊ ကနေဒါနိုင်ငံများအထိ ပျံ့နှံ့သွားသည်ကို တွေ့ရကြောင်း၊ လောလောဆယ်ဖြစ်ပွားနေသည့် ကြက်ငှက်တုပ်ကွေးရောဂါသည် ကမ္ဘာ့နိုင်ငံပေါင်း ၅၀ ကျော်ကို ပျံ့နှံ့ဖြစ်ပွားလာသည်ကို တွေ့ရှိရကြောင်း၊ ကြက်ငှက်များအပြင် လူကိုပါ ရောဂါကူးစက်ခံရခြင်းမှာ ၁၂ နိုင်ငံခန့်ရှိနေပြီဟု သိရကြောင်း၊ SARS ရောဂါသည် လျင်မြန်စွာ ပျံ့နှံ့ခဲ့သော်လည်း ဆက်လက် မကူးစက်အောင် နိုင်ငံအများ ပူးပေါင်းပြီး ဟန့်တားထိန်းချုပ်နိုင်သကဲ့သို့ ကြက်ငှက်တုပ်ကွေးရောဂါကိုလည်း နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများဖြင့် ချုပ်ထိန်းထားရန်လိုကြောင်း။

ပူးပေါင်းဆောင်ရွက်

ပြည်ထောင်စု မြန်မာနိုင်ငံတော်အနေဖြင့် SARS ရောဂါနိုင်ငံအတွင်း ကူးစက်မလာအောင် ကာကွယ်နိုင်ခဲ့သကဲ့သို့ ကြက်ငှက်တုပ်ကွေးရောဂါ ပြန့်ပွားမလာစေရအောင်လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့များ အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

တက်တက်ကြွကြွ

HIV/AIDS ရောဂါ၊ တီဘီရောဂါ၊ ငှက်ဖျားရောဂါများကို နိုင်ငံတော်အတွင်း အဓိက ဦးစားပေးတိုက်ဖျက်ရမည့် ရောဂါများအဖြစ် သတ်မှတ်ပြီး အမျိုးသားရေးအသွင်ဖြင့် တိုက်ဖျက်လျက်ရှိရာတွင် နိုင်ငံတော်အစိုးရ ဝန်ကြီးဌာနများ၊ ပြည်တွင်းလူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံတကာလူမှုရေးအဖွဲ့အစည်းများ၊ ကမ္ဘာ့နိုင်ငံများနှင့် လက်တွဲပူးပေါင်းပြီး တက်တက်ကြွကြွ လှုပ်ရှားဆောင်ရွက်နေကြောင်း။

ကြိုးပမ်းလုပ်ဆောင်နေ

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့လူသားထုတစ်ရပ်လုံးကို ဒုက္ခပေးနေသည့် ယခုရောဂါဆိုးကြီးသုံးရပ် ကာကွယ်ကုသရေးအတွက် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်နေသော်လည်း နိုင်ငံတကာကပေးလာသည့် လူသားချင်းစာနာထောက်ထားမှုအကူအညီများကို နိုင်ငံရေးပယောဂစွက်ဖက်ပြီး ဟန့်တားနှောင့်ယှက်မှုများဖြင့် ကြုံတွေ့နေရကြောင်း၊ လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပေးအပ်လာသည့်ကမ္ဘာ့နိုင်ငံများကိုလည်း ပြည်ပတွင် ရောက်ရှိနေသည့် အဖျက်အမှောင့်သမားများက ဟန့်တားထိန်းချုပ်ရန်အတွက် စည်းကမ်းများ ချမှတ်ပေးရန် ကြိုးစားလုပ်ဆောင်နေသည်ကိုလည်း တွေ့ရကြောင်း။

သတင်းဆိုးဖြန့်ချိ

အထူးသဖြင့် နိုင်ငံတော်အစိုးရ၏ တိုင်းကျိုးပြည်ပြုလုပ်ငန်းများကို နှောင့်ယှက်ဖျက်ဆီးနေသူအချို့သည် ပြည်သူလူထုကို အန္တရာယ်ပြုနေသည့် ယခု ရောဂါဆိုးကြီးများကို ဗန်းပြပြီး နိုင်ငံရေးအမြတ်ထုတ်လုပ်ဆောင်နေခြင်း၊ ဤရောဂါဆိုးကြီးများနှင့် ပတ်သက်၍ ပြည်ပမီဒီယာများနှင့် ပေါင်းပြီး လုပ်ကြံချဲ့ကားထားသည့် သတင်းဆိုးများ ဖြန့်ချိနေခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း။

ဆက်လက်ပူးပေါင်း

နိုင်ငံတော်အစိုးရအနေဖြင့် မိမိပြည်သူများကို အန္တရာယ်ပေးသည့် ရောဂါဆိုးကြီးများ မြန်မာ့မြေပေါ်က ပျောက်ကွယ်သွားသည်အထိ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းများ၊ မိတ်ဆွေနိုင်ငံများ၊ ပြည်တွင်း ပြည်ပလူမှုရေးအသင်းအဖွဲ့များနှင့် ဆက်လက်ပြီး ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ရင်းနှီးမှုတစ်ခု

AIDS ရောဂါသည် နိုင်ငံ၏ ကျန်းမာရေးအဆင့်အတန်းကိုသာမက ဖွံ့ဖြိုးတိုးတက်ရေးကိုပါ ထိခိုက်စေနိုင်သည့်အတွက် လူငယ်များအတွင်း မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ အသိပညာများနှင့် အန္တရာယ်ကင်းအောင် မည်သို့ပြုမူ နေထိုင်ရမည်ဆိုသည်များကို လေ့ကျင့်သင်ကြားပေးခြင်းကို နိုင်ငံအတွက် အလွန်အရေးကြီးပြီး တန်ဖိုးရှိလှသည့် ရင်းနှီးမြှုပ်နှံမှုတစ်ခုအဖြစ် နိုင်ငံတော်အစိုးရက ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

စာမျက်နှာ ၄ ကော်လံ ၁

စာမျက်နှာ ၃ မှ

နိုင်ငံတော်အစိုးရဌာနဆိုင်ရာများ၊ ပြည်တွင်းပြည်ပလူမှုရေး အသင်းအဖွဲ့များအနေဖြင့် ပြည်သူအများ၏ အသိတရားရှိရှိ ပူးပေါင်းဆောင်ရွက်မှုကို ရယူပြီး လုပ်ငန်းခွင်များ၊ ကျောင်းများ၊ လူ့အသိုင်းအဝိုင်းများတွင် ကျန်းမာရေးကို အထောက်အကူဖြစ်စေသည့် ရေကောင်းရေသန့်ရရှိရေး၊ သန့်ရှင်းသည့် ပတ်ဝန်းကျင်ဖြစ်ရန် ဖန်တီးဖြည့်ဆည်းဆောင်ရွက်ခြင်းများ၊ ပြည်သူများကို ကျန်းမာရေးနှင့် ညီညွတ်သည့်အနေအထိုင်များ ကျင့်ကြံနေထိုင်လာအောင် ဆောင်ရွက်ပေးခြင်းများ၊ ကျန်းမာရေးအတွက် အန္တရာယ်ရှိသည့် အစားအသောက်များအစား ကျန်းမာရေးကို အထောက်အကူဖြစ်သည့် အစားအစာများကို လွယ်လွယ်ကူကူ သက်သက်သာသာဖြင့် ရရှိအောင် ဝိုင်းဝန်းဆောင်ရွက်ကြခြင်း စသည့် ကျန်းမာရေးအတွက် ရင်းနှီးမြှုပ်နှံမှုများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။

ကြံ့စည်ကြိုးပမ်း

ပြည်သူလူထုများကို ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ပဏာမကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို အခြေခံ ဆောင်ရွက်သည့်အတွက် အဓိကတာဝန်ယူဆောင်ရွက်လျက်ရှိသည့် အခြေခံကျန်းမာရေးဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်မှု အရည်အသွေးသည်လည်း အလွန်အရေးကြီးကြောင်း၊ ထို့ကြောင့် ရောဂါဘယများက ကင်းဝေးပြီး ပြည်သူလူထု၏ ကျန်းမာရေးအဆင့်အတန်းမြင့်မားနေရေး၊ ရောဂါတားဆီးကာကွယ်ရေး၊ ရောဂါကုသရေးနှင့် ပြန်လည်ပျိုးထောင်ရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ထမ်းများ၏ အရည်အသွေးများ မြင့်မားတိုးတက်နေစေရန် အစဉ်ကြံ့စည်ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

ထို့နည်းတူ ကျန်းမာရေးဝန်ထမ်းများကို တစ်ဖက်တစ်လမ်းက ကူညီဆောင်ရွက်ပေးနေသည့် လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူလူထုများ၊ နီးနွယ်နေသည့် အစိုးရဌာနများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များကို ပါဝင် ဆောင်ရွက်နိုင်သည့် အသိပညာများနှင့် ကျွမ်းကျင်မှုများရှိလာရန်ကိုလည်း လေ့ကျင့်သင်ကြားပေးရန် လိုကြောင်း။

ညှိနှိုင်းဆောင်ရွက်

နည်းပညာပိုင်းဆိုင်ရာအရသော်လည်းကောင်း၊ အရင်းအမြစ်များလိုအပ်မှုအရသော်လည်းကောင်း၊ နေရာဒေသအလိုက် ကူညီပံ့ပိုးမှုများ အဆင့်ဆင့်အားဖြည့်ကူညီဖြေရှင်းပေးနိုင်ရန်အတွက် နိုင်ငံတွင်းအစီအစဉ်များသာမက သက်ဆိုင်ရာ ဒေသတွင်းနှင့် နိုင်ငံတကာ၏ ပံ့ပိုးကူညီမှုများ လျင်မြန်လွယ်ကူစွာ ရရှိအောင် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။

ကမ္ဘာ့ကျန်းမာရေးအန္တရာယ်များကို ထိန်းချုပ်နိုင်ရန်အတွက် ဖွံ့ဖြိုးပြီးနိုင်ငံများသာမက ဖွံ့ဖြိုးဆဲနိုင်ငံများပါ ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်းလည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက တိုက်တွန်းနှိုးဆော်ထားကြောင်း၊ အဓိကအားဖြင့် ကျန်းမာရေးသတင်းအချက်အလက်များ ဖလှယ်ခြင်း၊ ပြည်သူ့ကျန်းမာရေးကဏ္ဍများကို မျက်ခြည်မပျက် စောင့်ကြပ် ကြည့်ရှုတုံ့ပြန်ခြင်းကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်းလည်း ဖော်ပြထားကြောင်း၊ အာရှနိုင်ငံများအတွင်းနှင့် နိုင်ငံတကာအဆင့်တွင် ကပ်ရောဂါများကို သတိရှိရှိ စနစ်တကျ တုံ့ပြန်နိုင်စွမ်းများ ဖြစ်ထွန်းလာစေရန်အတွက် ကျန်းမာရေးစနစ်များ တည်ဆောက်ရန်နှင့် ကျန်းမာရေးအတွက် ရင်းနှီးမြှုပ်နှံခြင်းများကို ဆက်လက်ပြုလုပ်သွားရန်လိုအပ်ကြောင်းကိုလည်း နှိုးဆော်ထားကြောင်း။

ပုဂ္ဂလိကနှင့်ပူးပေါင်း

ယခုကဲ့သို့ လုပ်ငန်းများ ကြီးကျယ်လာသည်နှင့်အမျှ တစ်ဦးကောင်း၊ တစ်ယောက်ကောင်း ဆောင်ရွက်၍ မရနိုင်သဖြင့် ဘက်စုံထောင့်စုံက ဆောင်ရွက်နိုင်စေရန် အရည်အသွေးပြည့်သည့် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများကို အခြေခံထားပြီး ဌာနပေါင်းစုံ၊ အဖွဲ့အစည်းပေါင်းစုံ ပူးပေါင်းသည်သာမက ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့်ပါ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကဲ့သို့ ကုလသမဂ္ဂအဖွဲ့အစည်းများကအစ နိုင်ငံတကာစေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ အာဆီယံမိသားစုဝင်များ၊ အိမ်နီးချင်းနိုင်ငံများနှင့်အတူ ကျန်းမာရေးကို အခြေပြုလျက် အနာဂတ်ဘဝလုံခြုံစေရန် ယခင်အစဉ်အလာများအတိုင်း တက်တက်ကြွကြွ ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

တစ်စုတစ်စည်းတည်း

ယခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ ဆောင်ပုဒ်နှင့်အညီ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများ၏ အနာဂတ်ဘဝ လုံခြုံရေးအတွက် နိုင်ငံတော်အစိုးရ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ လက်တွဲပူးပေါင်းပြီး ကျန်းမာရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နေသည့်နည်းတူ နိုင်ငံသားတိုင်းကလည်း မိမိတို့တစ်ဦးချင်းဘဝ လုံခြုံရေးနှင့် နိုင်ငံသားအားလုံးကို ကျန်းမာရေးအန္တရာယ်များက ကာကွယ်နိုင်ရေးတို့အတွက် တစ်ပိုင်တစ်နိုင်သော်လည်းကောင်း၊ စုပေါင်းပါဝင်၍သော်လည်းကောင်း ဆောင်ရွက်ရင်း ကမ္ဘာ့လူသားတစ်ရပ်လုံး၏ ကျန်းမာရေး၊ အနာဂတ်ဘဝ လုံခြုံမှုရှိစေရေးအတွက် ကမ္ဘာ့မိသားစုကြီးနှင့် တစ်စုတစ်စည်းတည်း ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Professor, Adik Wibowo က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး၏ ၂၀၀၇ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ သဝဏ်လွှာကို ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှည့်လည်ကြည့်ရှု

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး (၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဧည့်သည်တော်များသည် ခန်းမအတွင်း ခင်းကျင်းပြသထားသော ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့၏ ကျန်းမာရေးပညာပေးစာစောင်၊ စာအုပ်များနှင့် လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

ကျန်းမာရေးအတွက်

ယခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ် ဆောင်ပုဒ်မှာ **"အနာဂတ်ဘဝလုံခြုံဖို့ ကျန်းမာရေးအတွက် ရင်းနှီးစို့"** (Invest in health, build a safer future) ဖြစ်သည်။ **(သတင်းစဉ်)**

❒ *ကျောဖုံးမှ*

ယင်းနောက်တိုင်းမှူးနှင့် တက်ရောက်လာကြသူများသည် ခြံစည်းရိုးကြက်ဆူပျိုးကိုင်းနှင့် မျိုးစေ့များကို ပျိုးအိတ်များ၌လည်းကောင်း၊ သတ်မှတ်နေရာအသီးသီး၌ လည်းကောင်း၊ အသီးသီးပျိုးထောင် စိုက်ပျိုးကြရာ ဒုတိယဗိုလချုပ်ကြီးမောင်ဘိုက လှည့်လည်ကြည့်ရှုအားပေးသည်။

ရှင်းလင်းတင်ပြ

အရှေ့တောင်တိုင်း စစ်ဌာနချုပ် ခြံစည်းရိုးကြက်ဆူပျိုးခြံ၌ ခြံစည်းရိုးကြက်ဆူအပင် ၂၄၀၀၀၀ ကို ပျိုးထောင်ထားပြီးဖြစ်၍ စိုက်ပျိုးရာသီ၌ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်းသိရှိရသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် အရှေ့တောင်တိုင်း စစ်ဌာနချုပ်၏ ဇီဝဒီဇယ်လောင်စာ ထုတ်လုပ်ရေးစက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဇီဝဒီဇယ် လောင်စာဆီဖြင့် လယ်ယာသုံးစက်ကိရိယာနှင့် မီးစက်များမောင်းနှင်နိုင်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ခင်းကျင်းပြသထားသော အခွံချွတ်ပြီးကြက်ဆူစေ့များ၊ ကြက်ဆူဆီကြမ်းနှင့် သန့်စင်ပြီးသော ကြက်ဆူဆီနှင့် ခြံစည်းရိုးကြက်ဆူစေ့မှ သန့်စင်ပြီးသော ဇီဝဒီဇယ်လောင်စာဆီ ထုတ်လုပ်ရာတွင် အသုံးပြုသော ဓာတုဗေဒဆေးဝါးများကို ကြည့်ရှုစစ်ဆေးသည်။

တင်ပြ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် အဖွဲ့ဝင်များလိုက်ပါလျက် မော်လမြိုင်မြို့ ကမ်းနားလမ်း သံလွင်ဈေးအနီးရှိ အမှတ်(၅) တိုးချဲ့ကမ်းနားလမ်းတည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ဟုမ်းတောက် ဆောက်လုပ်ရေးအဖွဲ့မှ ဒါရိုက်တာ ဦးအောင်မိုးကျော်က တနင်္သာရီလမ်း(သဲဆိပ်)မှ ညောင် လးပင်လမ်း(သံလွင်ဈေးအဆုံး)အထိ ပေ ၉၇၀ နှင့် သိပ္ပံလမ်းမှ တနင်္သာရီလမ်းအထိ ပေ ၁၂၀၀ တွင် ကျောက်စီ နံရံဆောက်လုပ်ခြင်း၊ မြေသဲဖို့ခြင်း၊ ရေထုတ်ပြွန်တံတားနှင့် R.C Tetty တစ်ခုဆောက်လုပ်ခြင်းလုပ်ငန်း အခြေအနေများကို ရှင်းလင်းတင်ပြသည်။

မှာကြား

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ကမ်းနားလမ်းတည်ဆောက်နေသည့် သံလွင်မြစ်ဆိပ်ကမ်း အခြေအနေများနှင့် လက်ရှိ သံလွင်ဆိပ်ခံ တံတား၏အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် သံလွင်ဈေးဆိပ်ကမ်းရှိ မော်လမြိုင်ဟိုးဒင်လီမိတက်၏ ငါး၊ ပုစွန်အအေးခန်းစက်ရုံသို့ ဆက်လက်ကြည့်ရှုစစ်ဆေးသည်။

တွေ့ဆုံ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် တိုင်းမှူး၊ အဖွဲ့ဝင်များ လိုက်ပါလျက် မော်လမြိုင်မြို့ရှိ အထွေထွေ ရောဂါကုဆေးရုံကြီးသို့ သွားရောက်၍ ဆေးရုံကြီးရှိ ဓာတ်မှန်ခန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားကာ ဆေးရုံခန်းမ၌ မော်လမြိုင်မြို့ အထွေထွေရောဂါကု ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံမှာကြားသည်။

လှည့်လည်ကြည့်ရှု

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် တိုင်းမှူး၊ အဖွဲ့ဝင်များနှင့်အတူ နံနက် ၁၀ နာရီ မိနစ် ၂၀တွင် မော်လမြိုင် မြို့ပတ်လမ်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သော မော်လမြိုင်မြို့ ငန်းတေးရပ်ကွက်နှင့် သာယာအေးရပ်ကွက်တို့အား ဆက်သွယ်ဖောက်လုပ်ထားသော အရှည်ငါးဖာလုံရှိ မြေသားလမ်း ဖောက်လုပ်ထားရှိမှုအခြေအနေများကိုလည်းကောင်း၊ မော်လမြိုင်မြို့ရှိ သံလွင်တံတား(မော်လမြိုင်)၏ မော်လမြိုင်ဘက်ကမ်းရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ တံတားကျော်ဖြတ် အသုံးပြုခ ကောက်ခံရေးနှင့် သံလွင်တံတား (မော်လမြိုင်) တံတားတစ်လျှောက်သို့လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ရန်ကုန်-မော်လမြိုင်-မြိတ်ပြည်ထောင်စုလမ်းမကြီးမှတစ်ဆင့် မွန်ပြည်နယ် ပေါင်မြို့နယ် ကတိုက်ကျေးရွာအနီးရှိ ကတိုက်ရေလှောင်တမံ စီမံကိန်းသို့ နံနက် ၁၁နာရီ ၄၅ မိနစ်တွင် ရောက်ရှိကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် စီမံကိန်းရှင်းလင်းဆောင်ရှေ့ရှိ ရှုရပ်ဆောင်မှ ကတိုက်ရေလှောင်တမံအား ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ကတိုက်ရေလှောင်တမံ ပင်မတမံအား မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးပြီး ရေပိုလွှဲ၊ ရေထုတ်ပြွန်နှင့် ရေထိန်းမျှော်စင်တို့ရှိ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

စိုက်ပျိုးရေပေးဝေမည်

အဆိုပါ ကတိုက်ရေလှောင်တမံသည် မွန်ပြည်နယ်ပေါင်မြို့နယ် ကတိုက်ကျေးရွာအထက် နှစ်မိုင်ခန့်အကွာတွင် တည်ရှိပြီး ကတိုက်ချောင်းတွင် အလျား ပေ၅၂၀၀၊ အမြင့် ၁၃၄ပေရှိ မြေသားတမံဖြင့် ကန်ရေပြည့်ရေလှောင် ပမာဏ ပေ ၅၆၀၀၀ ရှိမည့် တမံကို အရှည်ပေ ၆၅၀၊ အကျယ် ၄ ပေ၊ အမြင့် ၆ ပေရှိ သံကူကွန်ကရစ် ရေထုတ်ပြွန်နှစ်ပေါက်၊ သံကူကွန်ကရစ် ရေပိုလွှဲများဖြင့် ထည့်သွင်း တည်ဆောက်ထားသည်။ ၎င်းမှ လယ်ယာမြေဧက ၁၀၀၀၀ တို့အား စိုက်ပျိုးရေပေးဝေသွားမည်ဖြစ်ပြီး မကြာမီ တည်ဆောက်မှုလုပ်ငန်းများ ပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

တွေ့ဆုံမှာကြား

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် တိုင်းမှူး၊ အဖွဲ့ဝင်များနှင့် လိုက်ပါလျက် နံနက် ၁ နာရီ မိနစ်၂၀ တွင် သထုံမြို့ သုဝဏ္ဏခန်းမ၌ သထုံခရိုင်၊ သထုံမြို့နယ်နှင့် ပေါင်မြို့နယ်တို့မှ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက်ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် တိုင်းမှူးနှင့် အဖွဲ့ဝင်များနှင့်အတူ သထုံ-ဘားအံကားလမ်းမှ တစ်ဆင့် သထုံမြို့နယ် ဂေါ့ကျေးရွာ စန္ဒာမိတောင်ခြေရှိ ကွန်ပျူတာ တက္ကသိုလ်(မော်လမြိုင်) တည်ဆောက်ရေး စီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ အဆောက်အအုံ တည်ဆောက်ရေး စီမံကိန်းကို တာဝန်ယူဆောင်ရွက်နေသော Collective Triangles Co., Ltd. ဒါရိုက်တာ ဦးဝင်းဇော်အောင်က အလျား ၅၁၃ ပေ၊ အနံ ၃၈၅ ပေရှိ သုံးထပ် ပင်မဆောင် တည်ဆောက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် အဆောက်အအုံပုံစံငယ်ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ကွန်ပျူတာတက္ကသိုလ် (မော်လမြိုင်) တည်ဆောက်ဆဲ ပင်မဆောင်ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် သထုံမြို့သို့ ပြန်လည်ထွက်ခွာသွားပြီး သထုံမြို့၌ ညအိပ်ရပ်နားသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၈ ခုနှစ်
နှောင်းတန်ခူးလပြည့်ကျော် ၇ ရက်
(အဖိတ်နေ့)
၈-၄-၂၀၀၇ ရက်
(တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၈:၀၀ ၆။ လှုပခံ့ညား ဖျာပုံတံတား
- ၈:၁၅ ၇။ ခါသကြိန်အဆိုအကများ
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ Say it in English

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ ခါသကြိန်အဆိုအကများ
- ၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁:၄၀ ၄။ Yan Can Cook
- ၁၁:၅၅ ၅။ မြန်မာရုပ်ရှင် **"မောင်တို့ချယ်ရီမြေ"** ဝင်းဦး၊ ခင်သန်းနု (ဒါရိုက်တာ-ဦးတင်ယု)
- ၁၄:၀၀ ၆။ သာခုခေါ်ဆိုဖွယ်ရာ အလင်းအလှူတော်မင်္ဂလာ
- ၁၄:၁၅ ၇။ **"မနိုင်သော အရှုံး"** ဟက်ကက်၊ ဇင်ရဲထက်၊ ခိုင်သင်းကြည် (ဒါရိုက်တာ-အေဝမ်းမောင်လှမျိုး)
- ၁၄:၃၀ ၈။ ကွန်ချောင်းရေလှောင်တမံ
- ၁၄:၄၅ ၉။ International News

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ ခါသကြိန်အဆိုအကများ
- ၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(စိတ်ပညာအထူးပြု) [စိတ်ပညာ]
- ၁၇:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၁၇:၁၀ ၆။ မြန်မာ့ရိုးရာ နှစ်သစ်ကူး မဟာသင်္ကြန်(၁၃၆၈ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၁ရက်၊ မဟာသင်္ကြန်အကြိုနေ့)
- ၁၇:၂၀ ၇။ သစ်ရွက်ဆေးသဘာဝ မြေဩဇာပြုလုပ်သုံးစွဲပါ (ဝိုင်းစုခိုင်သိန်း) [ဒါရိုက်တာ-ဖုန်းမြင့်အောင်]
- ၇:၂၅ ၈။ ဆိုကြမယ် ပျော်ကြမယ်
- ၁၈:၀၀ ၉။ ညနေခင်းသတင်း
- ၁၈:၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၁။ သီရိဂေဟာ
- ၁၉:၀၀ ၁၂။ ခါသကြိန်အဆိုအကများ
- ၁၉:၁၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"သမားတော်"** (အပိုင်း-၁၇)
- ၂၀:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ပန်းနှင်းဆီ"** (အပိုင်း-၈)

နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တကဝိဓဇ ပျံလွန်တော်မူ

ရန်ကုန် ဧပြီ ၇

နိုင်ငံတော်ဩဝါဒါစရိယ မကွေးတိုင်း မင်းဘူးခရိုင် စလင်းမြို့နယ် ဆင်ဖြူကျွန်းမြို့ မဟာဝိဇယာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက်မှ ပဓာနနာယကဆရာတော် သက်တော် ၈၆ နှစ်၊ သိက္ခာတော် ၆၅ ဝါရှိ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကဝိဓဇသည် ၁၃၆၈ ခုနှစ် တန်ခူးလပြည့်ကျော် ၄ ရက် (ဧပြီ ၅ ရက်) ကြာသပတေးနေ့ နံနက် ၁ နာရီ ၁၀ မိနစ်တွင် သီတင်းသုံးတော်မူရာ မဟာဝိဇယာရာမ ပါဠိတက္ကသိုလ် ကျောင်းတိုက်၌ ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးသောက်ကြယ် အထွေထွေဗဟုသုတ မှတ်စုစာအုပ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဧပြီ ၇

ဗိုလ်လောင်း ဖြေဆိုမည့်သူများနှင့် ဝန်ထမ်းရွေးချယ်ရေး စာမေးပွဲဖြေဆိုသူများအတွက် ရည်ရွယ်၍ ဗိုလ်ကြီးလှရွှေ (ငြိမ်း)ပြုစုသည့် "မိုးသောက်ကြယ်" အထွေထွေဗဟုသုတ မှတ်စုစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် အင်အားကြီးနိုင်ငံများ၊ မြန်မာနိုင်ငံ၏ အိမ်နီးနားချင်းနိုင်ငံများနှင့် အာဆီယံနိုင်ငံများ၊ အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများ အကြောင်းကို မြေပုံများ၊ သမိုင်းဖြစ်စဉ်များနှင့်တကွ ပြည့်စုံစွာ ဖော်ပြထားပြီး စာမျက်နှာ ၃၂၀ ကျော်ပါရှိသည်။ Knowledge For All ဟု ဆိုထားပြီး တိုးတက်မှု ရှာဖွေနေကြသူများနှင့် ကျောင်းသား ကျောင်းသူများအတွက် များစွာအထောက်အကူပေးမည့် စာအုပ်ဖြစ်သည်။

ဗိုလ်ကြီးလှရွှေ(ငြိမ်း)သည် တက်လမ်း အထွေထွေဗဟုသုတ မှတ်စုနှင့် အောင်မြင်ရေး အထွေထွေဗဟုသုတ မှတ်စုတို့ကို ထုတ်ဝေခဲ့ပြီး ယခုထွက်ရှိသည့် စာအုပ်မှာ ယခင်ထွက်ပြီး စာအုပ်များထက် ပိုမိုကောင်းမွန်အောင် ကြိုးစားထားကြောင်း၊ စာအုပ်တန်ဖိုးမှာ ကျပ် ၁၅၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

8-4 (04) 1 4/8/07, 1:41 PM

ပင်ကြား၊တန်းကြား သတ်မှတ်စံနှုန်းအတိုင်းစိုက်ပျိုး၊ ပန်းတိုင်အထွက်နှုန်းထွက်ရှိရေးဆောင်ရွက် ဓာတ်မြေသြဇာ၊ သီးနှံအားဆေးနှင့်ပိုးသတ်ဆေးများ စနစ်တကျကျွေးမွေးပက်ဖျန်း

ရန်ကုန် ဧပြီ ၇

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်သည် တိုင်းစိုက်ပျိုးရေးညှိနှိုင်းမှု ကြီးကြပ်ရေးအဖွဲ့ဝင်များလိုက်ပါလျက် ဧပြီ ၁ ရက် နံနက် ၉နာရီက ပုသိမ်ကြီးမြို့နယ် ရေတံခွန်တောင်ရှိ ကွင်းအမှတ်(၅၁၀)၌ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏ နွေစပါးစိုက်ကွင်းတွင် ဆင်းနွယ်ရင်မျိုးစပါး စိုက်ပျိုးနေမှုကို သွားရောက်ကြည့်ရှု အားပေးသည်။ (အပေါ်ပုံ)

ရှင်းလင်းတင်ပြ

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်အား မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်နှင့် ကော်မတီဝင်များ၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်သန်းနှင့်အဖွဲ့ဝင်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာ အကြီးအကဲများက ကြိုဆိုကြပြီး စပါးစိုက်ခင်းအတွင်း နွေစပါးစိုက်ပျိုးနေမှုကို တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်က လှည့်လည်ကြည့်ရှုစစ်ဆေးရာ မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ ဆက်လက်၍ တိုင်းမှူးသည် အဆိုပါကွင်းအတွင်း ကောက်စိုက်နေမှုများ၊ မြေပြုပြင်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

စပါးစိုက်ပျိုးနေမှုနှင့် ပတ်သက်၍ တိုင်းမှူးက ပြောကြားရာတွင် ပင်ကြား၊ တန်းကြား သတ်မှတ် စံနှုန်းအတိုင်း စိုက်ပျိုးရေး၊ ကောက်ကွက်ပြည့်မီရေး၊ အထွက်နှုန်း အထူးကောင်းမွန်သည့် မျိုးစပါးဖြစ်၍ ပန်းတိုင်အထွက်နှုန်း ထွက်ရှိရေး စိုက်ပျိုးပြီးပါကလည်း စပါးပင်များ အောင်မြင်ကြီးထွားရှင်သန်စေရေးတို့အတွက် လိုအပ်သည့် ဓာတ်မြေသြဇာနှင့် သီးနှံအားဆေးများ၊ ပိုးသတ်ဆေးများကို စနစ်တကျ ကျွေးမွေးပက်ဖျန်းရေးနှင့် အလေအလွင့်နည်းပါးစေရေးတို့အတွက် အထူးဂရုပြုဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားပြီး တိုင်းမှူးသည် အဆိုပါ ရေတံခွန်တောင်ဒေသရှိ စိုက်ပျိုးပြီး နွေစပါးစိုက်ခင်းများနှင့် စိုက်ပျိုးရန် မြေပြုပြင်ရေတင်ထားမှုအခြေအနေများကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးပြီး ပြန်လည်ထွက်ခွာသွားသည်။

အချိန်မီ ပြီးစီးရေးဆောင်ရွက်

ပုသိမ်ကြီးမြို့နယ်အတွင်း နွေစပါးစိုက်ပျိုးရန် လျာထားဧက ၂၃၅၁၀ စိုက်ပျိုးပြီး ၁၄၅၄၅ဧက၊ မြေပြုပြင်ပြီးဧက၉၄၀၀ဖြစ်သဖြင့် စိုက်ပျိုးပြီး ရာခိုင်နှုန်း ၇၀ ဒသမ ၆၀ ဖြစ်ကြောင်းနှင့် သတ်မှတ် ကာလအတွင်း အချိန်မီပြီးစီးရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လူမှုဝန်ထမ်း ဦးစီးဌာန မူလတန်းကြိုကျောင်း အမှတ်(၂)လှိုင်၏ ပဒေသာကပွဲကို မတ် ၂၄ ရက်က ကျင်းပရာ လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်လှတင်၊ ရန်ကုန်တိုင်း လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မေဇင်နှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးကြစဉ်။

(က–ပ)

သီလရှင်(သီးသန့်) ဝိပဿနာ အထူးတရားစခန်း

ရန်ကုန် ဧပြီ ၇

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်း (၁) ရပ်ကွက် ၂လမ်း ရတနာ မဇ္ဈိုမမ္မရိပ်သာ၊ လယ်တီမူ အနာဂါမ် ဆရာသက်ကြီး ဝိပဿနာ ရှုနည်းဖြင့် ကမ္မဋ္ဌာနာစရိယ ဆရာတော်အရှင်ဇေယျာနန္ဒ(ပုဂံ) ဦးဆောင်၍ မေ ၂၃ ရက် မှ ၃၁ ရက်အထိ သီလရှင်များအား ဝိပဿနာရှုနည်းနှင့် ပို့ချချက်များကို ဟောကြားပြသမည်ဖြစ်ရာ တက်ရောက်အားထုတ်လိုသော သီလရှင်များ မေ ၂၀ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ပြီး တစ်နေ့တာဆွမ်း လှူဒါန်းလိုပါက ယောဂီ ၆၀ အတွက် အရုဏ်ဆွမ်းအတွက် ငွေကျပ် ၂၀၀၀၀၊ နေ့ဆွမ်းအတွက် ငွေကျပ် ၄၀၀၀၀၊ အအေးအတွက် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ဖုန်း–၆၆၃၈၀၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က–ပ)**

ကျောက်ဆည်မြို့၌ နွေရာသီသင်တန်းပေါင်းစုံဖွင့်

မန္တလေးတိုင်း ကျောက်ဆည်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် လူမှုရေးအဖွဲ့အစည်းများ ပူးပေါင်းကျင်းပသည့် နွေရာသီသင်တန်းပေါင်းစုံ ဖွင့်ပွဲအခမ်းအနားကို မတ် ၂၄ရက် နံနက် ၉ နာရီက ကျောက်ဆည်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံးခန်းမတွင်ကျင်းပရာ ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်မြင့်က သင်တန်းအဖွင့် အမှာစကားပြောကြားပြီး ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဒေါက်တာရဲဝင်းနိုင်က သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်နှင့် သင်တန်းရေးရာများ ရှင်းလင်းတင်ပြသည်။ ကျောက်ဆည်ခရိုင်အတွင်း ၂၀၀၇ခုနှစ် နွေရာသီကာလအတွင်း သင်တန်းပေါင်းစုံ ၁၄မျိုးကို လူငယ်များအား လေ့ကျင့်သင်ကြားပေးမည် ဖြစ်သည်။ **(ခရိုင် ပြန်/ဆက်)**

ဓာတ်ပုံ၊ နံရံကပ်စာစောင် လှိုင်လင်မြို့၌ပြပွဲဖွင့်

ဓာတ်ပုံ၊ နံရံကပ်စာစောင်ပြပွဲ ဖွင့်ပွဲအခမ်းအနားကို မတ် ၂၇ရက် နံနက် ၉နာရီက လှိုင်လင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး မှခ်ဦးရှေ့၌ ကျင်းပရာရှေးဦးစွာခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးသောင်းဝင်းက ဓာတ်ပုံ၊ နံရံကပ်စာစောင် ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးတင်ဌေးနှင့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးအောင်ဌေးတို့ကပြခန်းမှခ်ဦး ရှေ့တွင် ပြပွဲကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

(မြို့နယ် ပြန်/ဆက်)

အခြေခံစာကြည့်တိုက် ပညာဆင့်ပွားသင်တန်းဖွင့်

ပြင်ဦးလွင်မြို့နယ် အခြေခံစာကြည့်တိုက် ပညာဆင့်ပွားသင်တန်းဖွင့်ပွဲအခမ်းအနားကို မတ်၂၃ရက် နံနက် ၁၀နာရီက မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြင်ဦးလွင်မြို့နယ် ဥက္ကဋ္ဌ ဦးအေးလွင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်ဌေးကျော်နှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးချစ်မောင်တို့က အမှာစကား ပြောကြားကြပြီး သင်တန်းကို ဖွင့်လှစ်ပေးသည်။ သင်တန်းသို့ မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၄၇ အုပ်စုနှင့် ရပ်ကွက်ကြီးကိုးခုတို့မှ သင်တန်းသားသင်တန်းသူ ၁၇၀ တက်ရောက်ကြသည်။ (ခရိုင် ပြန်/ဆက်)

မြန်မာ့အလင်း

ပြည်တွင်းသတင်း

အတိုအထွာ

စာအောင် သံဃာတော်များ စူဠဘွဲ့နှင်း

ခင်ဦးမြို့ အောင်သီရိရပ်ကွက် မြေထူးကျောင်းတိုက်၌ ၂၀၀၆ ခုနှစ် (ပထမပြန်)စာမေးပွဲဖြေဆို အောင်မြင်ခဲ့သော စာအောင်သံဃာတော်အပါး ၁၁၀ အား စတုတ္ထအကြိမ်မြောက် စူဠဘွဲ့နှင်းသဘင် အခမ်းအနားကို မတ် ၂၇ ရက် မွန်းတည့် ၁၂ နာရီက ကျင်းပရာ အင်ကြင်းပင် နန်းဦးကျောင်းတိုက် ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဦးပညာဝံသက ငါးပါးသီလချီးမြှင့်ပြီး အောင်ချမ်းသာရပ်ကွက်ဥက္ကဋ္ဌ ဦးထွန်းညီညီမောင်က စာအောင်ဆုနှင့် အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းရာ သဲပုံစေတီကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဦးသုဇာတက သာဓုအနုမောဒနာ ရေစက်ချတရား ဟောကြားကြောင်း သိရသည်။ **(က–ပ)**

ကိုယ့်အားကိုယ်ကိုးဓာတ်မှန်ခန်းဖွင့်

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် (၂၅) ခုတင်ဆံ့ ပြည်သူ့ဆေးရုံတွင် ကိုယ့်အားကိုယ်ကိုး ဓာတ်မှန်ဆောင်ဖွင့်ပွဲကို မတ် ၂၄ရက် နံနက်၉နာရီကကျင်းပရာ မြို့နယ်ခေတ္တဥက္ကဋ္ဌဒုတိယရဲမှူးသောင်းဖေနှင့် ဓာတ်မှန်ခန်းဆောက်လုပ်ရေး ကော်မတီဝင် မြို့မိမြို့ဖ ဦးကြည်ထွန်းတို့က အမှာစကားပြောကြားကြပြီး ဓာတ်မှန်ခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ အဆိုပါ ဓာတ်မှန်ခန်းကို အလှူရှင်များ ထည့်ဝင်ငွေကျပ် စုစုပေါင်း ၃၂သိန်း အကုန်အကျခံ တည်ဆောက်ထားခြင်းဖြစ်ကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

တီဘီရောဂါအကြောင်း ပညာပေးဟောပြော

ရှမ်းပြည်နယ်(တောင်ပိုင်း)ပင်လောင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ တီဘီရောဂါအကြောင်း ပညာပေးဟောပြောပွဲနှင့် ကြက်၊ ငှက် တုပ်ကွေးရောဂါအကြောင်း ရှင်းလင်းဟောပြောခြင်း အခမ်းအနားကို မတ် ၂၄ရက် နံနက် ၉ နာရီခွဲက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစန်ဝင်း၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဖြူဖြူဝင်းတို့က အမှာစကားပြောကြားသည်။ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ကျန်းမာရေးတာဝန်ခံ ဒေါက်တာခင်သိန်းထွေးက တီဘီရောဂါအကြောင်းသိကောင်းစရာများနှင့် တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန ဒေါက်တာဒေါ်နီနီဝင်းက ကြက်၊ငှက် တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာများ ပညာပေးဟောပြောကြသည်။ (မြို့နယ် ပြန်/ဆက်)

တိုင်းရင်းဆေး ကုသလှူဒါန်း

မကွေးမြို့နယ်မြင်းကင်းကျေးရွာတွင် မတ် ၂၇ ရက်က ကျေးရွာနေ ပြည်သူများအား ဆေးကုသပေးမှုနှင့် တိုင်းရင်းဆေးမျိုးစုံ လှူဒါန်းပွဲကျင်းပရာ တိုင်းရင်းဆေးသမားတော် ဦးကျော်စိန်ဟန် (ဒေဝသြသဆေးတိုက်)နှင့် တိုင်းရင်းဆေး သမားတော် ဦးသိုက်ထွန်း (ဂမုန်းပွင့် ဆေးတိုက်)တို့က ပြည်သူ ၅၀၀ တို့အား ကျန်းမာရေး အသိပညာပေး ဆွေးနွေးပြီး ပြည်သူ ၁၂၀ ကို တိုင်းရင်းဆေးမျိုးစုံ တန်ဖိုးကျပ်တစ်သိန်း လှူဒါန်းခဲ့သည်။ **(က–ပ)**

ကူးစက်မြန်ဦးနှောက်(အမြှေးရောင်)ရောဂါကာကွယ်ရေးနှိုးဆော်

(က) ရောဂါဖြစ်ပွားပုံ

- ဤရောဂါသည် ဘက်တီးရီးယားပိုးကြောင့်ဖြစ်သည်။
- တစ်ဦးမှတစ်ဦးသို့ အသက်ရှူလမ်းကြောင်းမှ တစ်ဆင့်ကူးစက်သည်။
- အသက်အရွယ်မရွေး ရောဂါဖြစ်နိုင်ပြီး ကလေးသူငယ်များတွင် ပိုမို ဖြစ်သည်။
- လူစုလူဝေးနှင့်နေထိုင်မှုသည် ရောဂါပိုမိုပြန့်လွယ်သည်။
- ဆောင်းနှင့်နွေရာသီတွင် ရောဂါအဖြစ်များလေ့ရှိသည်။
- ဤရောဂါသည် ကူးစက်မြန်ပြီး လူအများစုတွင် တစ်ပြိုင်တည်း ဖြစ်တတ်သည်။

(ခ) ရောဂါလက္ခဏာများ

- ရုတ်တရက်ပြင်းထန်စွာဖျားခြင်း။
- ပြင်းထန်စွာခေါင်းကိုက်ခြင်း၊ ဇက်တောင့်ခြင်း၊ အော့အန်ခြင်း၊ တက်ခြင်း၊ သတိလစ်ခြင်း။
- ကြွက်သားများနာကျင်ခြင်း။
- အရေပြား၌သွေးခြေဥခြင်း။
- အနီစက်၊ အနီကွက်များဖြစ်ပေါ်လေ့ရှိခြင်း။
- သွေးလန့်မှုဖြစ်တတ်ခြင်း။
- ရုတ်တရက်အသက်ဆုံးရှုံးနိုင်ခြင်း။

(ဂ) ကြိုတင်ကာကွယ်ခြင်း

- တစ်ကိုယ်ရည်သန့်ရှင်းရေးကို အလေးထားဆောင်ရွက်ပါ။
- အာဟာရပြည့်ဝသော အစားအစာများကို စားသုံးပါ။
- လုံလောက်စွာ အနားယူပါ။
- ပွဲလမ်းသဘင်၊ လူထူထပ်သောနေရာနှင့်ဖုံထူထပ်သောနေရာများကို တတ်နိုင်သမျှရှောင်ကြဉ်ပါ။
- နှာစေးချောင်းဆိုးလျှင် ရောဂါမပြန့်ပွားစေရန် လက်ကိုင်ပဝါကို အသုံးပြုပါ။
- တစ်ဦးအသုံးပြုထားသော အသုံးအဆောင်နှင့် အဝတ်အထည်ကို အခြားတစ်ဦးမှ အသုံးပြုခြင်းကိုရှောင်ပါ။

(ဃ) ရောဂါလက္ခဏာများရှိလျှင် အသက်ဆုံးရှုံးမှုနှင့် ရောဂါပြန့်ပွားမှုများမှ ကာကွယ်နိုင်ရန် နီးရာ ကျန်းမာရေးဌာနတွင် ဆောလျင်စွာ ဆေးကုသမှုခံယူပါ။

ကျန်းမာရေးဝန်ကြီးဌာန။

8-4 (05) 1 4/8/07, 1:41 PM

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြဝတီရုပ်မြင်သံကြား ဒွါဒသမနှစ်ပတ်လည်နေ့ ထူးချွန်ဝန်ထမ်းဆုနှင့် မြဝတီစာပေတိုက်၊ မြဝတီငွေတာရီမဂ္ဂဇင်း၊ နှစ်ပတ်လည် အကောင်းဆုံးစာမူဆု၊ မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲတွင် ထူးချွန်ဆုရဝန်ထမ်းတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

● *ကျောဖုံးမှ*

လုပ်ကြံထုတ်လွှင့်

ပြည်ပနိုင်ငံကြီးတချို့က မြန်မာနိုင်ငံ၏ တိုးတက်ဖြစ်ပေါ်ပြောင်းလဲမှုများကို မျက်ကွယ်ပြုပြီး မြန်မာနိုင်ငံအပေါ် အခြားကမ္ဘာ့နိုင်ငံများက အထင်အမြင်လွဲမှားအောင် မီဒီယာကို လက်နက်သဖွယ် အသုံးပြုလျက်ရှိကြောင်း၊ ထို့အပြင် ပြည်တွင်း၌ တိုင်းရင်းသားစည်းလုံးညီညွတ်မှု အားနည်းအောင်၊ ပြည်ထောင်စုစိတ်ဓာတ်ပြိုကွဲအောင်၊ နိုင်ငံတော်ကြီး အေးချမ်းတည်ငြိမ်မှုမရှိအောင်၊ မဟုတ်မမှန်ကောလာဟလသတင်းများကို လုပ်ကြံထုတ်လွှင့်နေသည်ကိုလည်း အားလုံးအသိပင်ဖြစ်ကြောင်း။

တန်ပြန်ချေဖျက်

ယင်းအန္တရာယ်ကနေ ပြည်သူများကို အကာအကွယ်ပေးနိုင်ရန်အတွက် မှန်ကန်သည့် သတင်းများကို မီဒီယာနည်းလမ်းများနှင့်ပင် ထိထိရောက်ရောက် ပြန်လည်အသုံးချဆောင်ရွက်ရန်လိုကြောင်း ပြောကြားလိုကြောင်း၊ ဆန့်ကျင်ဘက်အဖွဲ့အစည်းများ၏ မမှန်မကန် အပြော၊ အဆို၊ လုပ်ရပ်နှင့် စွပ်စွဲချက်များ မမှန်မကန်ထုတ်လွှင့်ပြသမှုများအပေါ် မိမိတို့၏ မီဒီယာများနှင့် ထိထိရောက်ရောက် တန်ပြန်ချေဖျက် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားလိုကြောင်း။

ထုတ်လွှင့်ပြသနိုင်

ပြန်ကြားပေးရန်၊ ဖျော်ဖြေပေးရန်နှင့် ပညာပေးရန်ဆိုသည့် ရည်မှန်းချက်တာဝန်များနှင့် မီဒီယာလုပ်ငန်းဆောင်ရွက်နေသည့် မြဝတီရုပ်မြင်သံကြားသည် ၁၂နှစ်တာကာလအတွင်း အတွေ့အကြုံနှင့် အောင်မြင်မှုများ ရရှိနေပြီ ဖြစ်ကြောင်း။

ဝင့်ကြွားစွာရပ်တည်

ရုပ်မြင်သံကြားလုပ်ငန်းကို သမားရိုးကျ ပုံမှန်ဆောင်ရွက်နေ၍ မဖြစ်ဘဲ တီထွင်ကြံဆပြီးအမြဲတမ်း ဆန်းသစ်နေအောင် လုပ်ဆောင်နိုင်ပါမှ အရည်အသွေး မြင့်မားသည့် မီဒီယာ အဖြစ်ဖြင့် ဂုဏ်ယူဝင့်ကြွားစွာ ရပ်တည်နေနိုင်မည်ဖြစ်ကြောင်း။

တက်ညီလက်ညီ

ဤကဲ့သို့ရလဒ်ကောင်းရရန်အတွက် မြဝတီရုပ်မြင်သံကြား၌ တာဝန် ထမ်းဆောင်ကြသူ အသီးသီးသည် တစ်ဦးကောင်း တစ်ယောက်ကောင်း ဆောင်ရွက်၍မရဘဲ အားလုံးတက်ညီလက်ညီ အဖွဲ့အစည်းစိတ်ဓာတ်ဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားလိုကြောင်း။

နှစ်စဉ်ပေးအပ်

စာပေအနုပညာသည် မြန်မာ့ယဉ်ကျေးမှုနယ်ပယ်၌ ဩဇာအရှိန်အဝါကြီးမားလှကြောင်း၊ အမျိုးသားရေးအကျိုးစီးပွားအတွက် စာပေအနုပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်အစိုးရက အထူးအလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် မြဝတီစာပေတိုက်သည် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် အရည်အသွေးပြည့်ဝသော စာပေလက်ရာတစ်ဆူဖြစ်လာစေရန် ယခုကဲ့သို့ စာပေနှင့်ဓာတ်ပုံဆိုင်ရာဆုများကို နှစ်စဉ် ချီးမြှင့်ပေးအပ်နေခြင်းပင်ဖြစ်ကြောင်း။

စေ့ဆော်ကြိုးပမ်း

မြဝတီစာပေတိုက်က ထုတ်ဝေသည့် စာအုပ် စာစောင်များသည် စာဖတ်သူ ပြည်သူများ အတွေးအခေါ်၊ အသိအမြင်ရင့်ကျက်ပြီး ဇာတိသွေး၊ ဇာတိမာန် ရှင်သန်ထက်မြက်လာအောင်နှင့် အမျိုးသားရေးစိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ ထွန်းကားလာအောင် စာပေအနုပညာရှင်ကြီးများက စာပေစွမ်းပကားဖြင့် အမြဲမပြတ် စေ့ဆော်ကြိုးပမ်းဆောင်ရွက်ပေးကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း။

ဝိုင်းဝန်းကြိုးစား

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ မြဝတီရုပ်မြင်သံကြားနှင့် မြဝတီစာပေတိုက်တို့သည်–

- **ထက်မြက်သည့် မီဒီယာစွမ်းပကားကို အကျိုးရှိရှိအသုံးချပြီး ပြည်သူများ အသိဉာဏ်ဗဟုသုတ ကြွယ်ဝကာ အမျိုးသားရေး အသိအမြင်၊ အမျိုးသားရေးစိတ်ဓာတ် ကြည်လင်ထက်သန်လာအောင် ကြိုးပမ်းဆောင်ရွက်ကြပါ၊**
- **နိုင်ငံတော်နှင့် ပြည်သူလူထုအကျိုးသယ်ပိုးရင်း ထက်မြက်မြင့်မားပြီး ဂုဏ်သိက္ခာရှိသည့် မီဒီယာလုပ်ငန်းများဖြစ်အောင် ဝိုင်းဝန်းကြိုးစားဆောင်ရွက်ကြပါ**

ဟု တိုက်တွန်းမှာကြားသွားသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အကောင်းဆုံးကင်မရာရိုက်ကူးသူဆုရ ဒုတိယအရာခံဗိုလ်လှထူး၊အကောင်းဆုံးသတင်းကြေညာသူဆု ရရှိကြသည့် အရာခံဗိုလ်(အစားခန့်)စောကလျာဦးနှင့် ဒုတိယအရာခံဗိုလ် (အစားခန့်) ခင်အိအိလွင်၊အကောင်းဆုံးအစီအစဉ်မှူးထူးချွန်ဆုရတပ်ကြပ်ကြီး (အစားခန့်) စောမြစန္ဒာ၊ အကောင်းဆုံး ထုတ်လုပ်ရေးမှူးထူးချွန်ဆုရ အရာခံဗိုလ် (အစားခန့်) ဖြူဖြူထွန်း၊ အကောင်းဆုံး အယ်ဒီတာထူးချွန်ဆုရ ဒုတိယအရာခံဗိုလ်(အစားခန့်) တင်တင်နွဲ့၊ အကောင်းဆုံး ကွန်ပျူတာထူးချွန်ဆုရ တပ်ကြပ်ကြီး(အစားခန့်) လှမျိုးအောင်၊ အကောင်းဆုံးဂီတထူးချွန်ဆုရ တပ်ကြပ်ကြီးမျိုးဝင်း၊ အကောင်းဆုံး ဆက်တင်ထူးချွန်ဆုရ တပ်ကြပ်ကြီး အေးလွင်နှင့် စက်မှုဌာနဆိုင်ရာ ချီးမြှင့်ငွေများကို စက်မှုဌာနမှ ဗိုလ်ကြီးတင်ဝင်းတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းက မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲ ဒုတိယဆုရ ဇော်ဇော်ထွန်း (ကျောက်မဲ)နှင့် တတိယဆုရ ကျော်ဝင်းလှိုင်တို့အား လည်းကောင်း၊ မြဝတီမဂ္ဂဇင်း နှစ်ပတ်လည်အကောင်းဆုံး ကာတွန်းဆုရ ကာတွန်းမြေဇာ၊ "ကိုယ့်ရပ်ကိုယ့်ရွာသာစေကြောင်း" ကဗျာဖြင့် အကောင်းဆုံးကဗျာဆုရ မောင်စောထွန်း (ကျောင်းကုန်း)၊ "ပုဂံခေတ်ကပျူမြန်မာ" ဆောင်းပါးဖြင့် အကောင်းဆုံး ဆောင်းပါးဆုရ မောင်ကြည်ပန်း (မြင်းကပါ)နှင့် "ပါးမှာနံ့သာ" ဝတ္ထုဖြင့် အကောင်းဆုံးဝတ္ထုတိုဆုရ ကိုနိုင်း (ချင်းတောင်)တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က ၂၀၀၆ခုနှစ် ငွေတာရီမဂ္ဂဇင်း နှစ်ပတ်လည် အကောင်းဆုံး ကာတွန်းဆုရ ကာတွန်းရွှေကိုဦး၊"နမ့်ပါ"ကဗျာဖြင့် အကောင်းဆုံး ကဗျာဆုရ ညွန့်ဝေ (ကသာ)၊ "အကျွန် သူ့ပါးကို တို့ခဲ့မိလို့ "ဆောင်းပါးဖြင့် အကောင်းဆုံး ဆောင်းပါးဆုရ သာထွန်းငြိမ်း(ပခုက္ကူ)၊ "ဆောင်းစပါးပွင့်ချိန်" ဝတ္ထုတိုဖြင့် အကောင်းဆုံးဝတ္ထုတိုဆုရ ခြင်ကျား (မအူပင်)နှင့် "မျိုးစေ့မသေ မြေဆီမခန်း" ဝတ္ထုရှည်ဖြင့် အကောင်းဆုံး ဝတ္ထုရှည်ဆုရ မင်းချမ်းမွန်တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှရွှေက (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီး ခေတ်ဟောင်း/ကာလပေါ် အဆိုပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သူ တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်မှ အရာခံဗိုလ် (အစားခန့်) ယဉ်ယဉ်ထွန်း၊ အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး) အကပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သူ တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်မှ တပ်ကြပ်ကြီး(အစားခန့်) အေးလဲ့ဝါဝါအောင်၊ အဆင့်မြင့် ပညာအဆင့် (အမျိုးသမီး)အကပြိုင်ပွဲတွင် ဒုတိယဆုရရှိခဲ့သူ တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်မှ တပ်ကြပ်ကြီး (အစားခန့်)မေလဲ့နှောင်း၊ ပညာရှင်အဆင့်(အမျိုးသား) အကပြိုင်ပွဲတွင် တတိယဆုရရှိခဲ့သူ အမှတ်(၂)နယ်လှည့်ပြည်သူ့ဆက်ဆံရေး တပ်ခွဲမှ ဒုတိယအရာခံဗိုလ်ဝင်းသန်း၊ ၂၀၀၆ ခုနှစ် (၁၇)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ်၊ စာပေနှင့်ဓာတ်ပုံပြိုင်ပွဲတွင် ဝတ္ထုတို ပထမဆုရရှိခဲ့သူ တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်မှ အရာခံဗိုလ်(အစားခန့်) သက်ဦးနှင့် ၂၀၀၆ခုနှစ် ယာဉ်စည်းကမ်း/လမ်းစည်းကမ်းပညာပေးပြိုင်ပွဲတွင် ဝတ္ထုတိုပြိုင်ပွဲ တတိယဆုရရှိခဲ့သူ တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်မှ အရာခံဗိုလ်(အစားခန့်)လေးနိုင်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဧရာဝတီ ရေတပ်စခန်းဌာနချုပ်မှ ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်က ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် တတိယဆုရရှိခဲ့သူမင်္ဂလာဒုံမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ မယဉ်နွယ်အေး၊ ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ၌ သိပ္ပံတွဲဘာသာစုံဂုဏ်ထူးဆု မြန်မာတစ်နိုင်ငံလုံး အဆင့်ခုနစ်ရရှိခဲ့သူမင်္ဂလာဒုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မဝင့်ဝါထက်ထက်အောင်တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇင်ယော်က သိပ္ပံတွဲဘာသာစုံဂုဏ်ထူးဆု မြန်မာတစ်နိုင်ငံလုံး အဆင့်(၁၀) ရရှိခဲ့သူ မင်္ဂလာဒုံမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ မောင်စိုးသီဟနှင့် ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ၌ မြန်မာတစ်နိုင်ငံလုံး အောင်ချက်အကောင်းဆုံး ဆုရရှိသော မင်္ဂလာဒုံမြို့နယ် အမှတ်(၂)၊ အခြေခံပညာ အထက်တန်းကျောင်းမှ အရာခံဗိုလ်(နည်းပြ) စောရွှေတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် တာဝန်ရှိသူများက မြဝတီရုပ်မြင်သံကြားတွင် အဘက်ဘက်မှ ပံ့ပိုးကူညီ ဆောင်ရွက်ပေးခဲ့ကြသည့် အတတ်ပညာရှင်များအားလည်းကောင်း၊ မြဝတီစာပေတိုက်တွင် ပံ့ပိုးကူညီ ဆောင်ရွက်ပေးခဲ့ကြသည့် စာပေနှင့် ဓာတ်ပုံပညာရှင်များအားလည်းကောင်း ဂုဏ်ပြုလက်ဆောင်များ အသီးသီးပေးအပ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် ဧည့်သည်တော်များအား ဂုဏ်ပြုညစာတည်ခင်းဧည့်ခံပြီး မြဝတီတေးဂီတအဖွဲ့က တေးဂီတများဖြင့် ဖျော်ဖြေတင်ဆက်သည်။ **(သတင်းစဉ်)**

နယ်စပ်စည်ပင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်အား ကုလသမဂ္ဂလူသားချင်းစာနာမှုအကူအညီပေးရေးကိစ္စရပ်များဆိုင်ရာ လက်ထောက်အထွေထွေအတွင်းရေးမှူးချုပ် လာရောက်တွေ့ဆုံ

နေပြည်တော် မတ် ၇

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်အား ကုလသမဂ္ဂလူသားချင်းစာနာမှုအကူအညီပေးရေး ကိစ္စရပ်များဆိုင်ရာ လက်ထောက် အထွေထွေအတွင်းရေးမှူးချုပ် H.E.Ms. Margareta Walstrom သည် ယနေ့မွန်းလွဲ ၂နာရီ ၁၅မိနစ်က နေပြည်တော်ရှိ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်ဂါရဝပြု တွေ့ဆုံသည်။ (အောက်ပုံ)

ဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိသော နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများကိုရှင်းပြပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကုလသမဂ္ဂ အေဂျင်စီများနှင့် ပူးပေါင်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တက်ရောက်

တွေ့ဆုံရာသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေ၊ စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

ရာသီဥတုပြောင်းလဲမှု၏ နောက်ဆက်တွဲ စားနပ်ရိက္ခာနှင့် ရေပြတ်လပ်မှုကြုံတွေ့နိုင်

ဘရပ်ဆယ် ဧပြီ ၇

ရာသီဥတုပြောင်းလဲမှုကြောင့် ပြည်သူများ ဘီလီယံနှင့်ချီ၍ စားနပ်ရိက္ခာနှင့် ရေပြတ်လပ်မှုနှင့် ကြုံတွေ့ရပြီး ရေလွှမ်းမိုးမှုများလည်း ရှိလာနိုင်ကြောင်း ဘရပ်ဆယ်တွင် ကျင်းပသော ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ညီလာခံတက်ရောက်သည့် ကျွမ်းကျင်သူများက လေ့လာတွေ့ရှိချက်များအပေါ် သတိပေးလိုက်သည်။

အဓိကတွေ့ရှိချက်

အဓိကတွေ့ရှိချက်များတွင် ၂၀၂၀ပြည့်နှစ် အရောက်၌ အာဖရိကပြည်သူ ၇၂သန်းမှ သန်း၂၅၀တို့ ရေရှားမှုပြဿနာကြုံရမည်။ အရှေ့အာရှနှင့် အရှေ့တောင်အာရှတွင် သီးနှံအထွက်နှုန်း ၂၀ရာခိုင်နှုန်းတိုးပြီး၊ အာရှအလယ်ပိုင်းနှင့် တောင်အာရှတွင် သီးနှံထွက်နှုန်း ၃၀ရာခိုင်နှုန်းလျော့မည်။ ၂၀၂၀ပြည့်နှစ်အရောက်တွင် အချို့ အာဖရိကနိုင်ငံတို့၌ မိုးကောင်းတောစိုက်ပျိုးရေးလုပ်ငန်း ၅၀ရာခိုင်နှုန်း လျော့နည်းမည်။ အပူချိန် ၁ဒသမ၅နှင့် ၂ဒသမ၅စင်တီဂရိတ် အထိမြင့်လျှင် ၂၀မှ ၃၀ရာခိုင်နှုန်းရှိ အပင်နှင့်တိရစ္ဆာန်မျိုးစိတ်များ ပျက်သုဉ်းမည့်အန္တရာယ်ကြုံတွေ့ရမည်။ ရေခဲတောင်နှင့် နှင်းဖုံးမှုလျော့နည်းကာ၊ အချို့နိုင်ငံများ သောက်သုံးရေပြဿနာကြုံရမည် စသဖြင့် ဖော်ပြပါရှိသည်။ (ကိုးကား–အင်တာနက်)

မိုးလေဝသအခြေအနေ

၈-၄-၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

သင်္ကြန်တွင်း တရားစခန်းပွဲများ

မိုးကောင်း အရိယာဓမ္မာရုံ သင်္ကြန်တရားပွဲ

ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီတော် ဗုဒ္ဓသာသနာ့ဝေယျာဝစ္စနိဗ္ဗာန်ဆော်ဝတ်အသင်း အရိယာဓမ္မာရုံတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော မဟာသင်္ကြန်တရားပွဲများ ကျင်းပမည်ဖြစ်ရာ သင်္ကြန်အကြိုနေ့တွင် မိုးကောင်းကျောင်းတိုက်မှ ဦးဓမ္မနန္ဒကလည်းကောင်း၊ သင်္ကြန်အကျနေ့တွင် မိုးညှင်းဝိပဿနာတိုက်သစ်မှ ဆရာတော် မိုးညှင်းအရှင်ဣန္ဒက(ရွှေဘို) ကမ္မဋ္ဌာနာစရိယ ဓမ္မာစရိယကလည်းကောင်း၊ အကြတ်နေ့တွင် မေဒိနီကျောင်းတိုက်မှ ဆရာတော် ဦးဝိလာသ မဟာဂန္ထဝါစကပဏ္ဍိတ ဓမ္မာစရိယကလည်းကောင်း၊ သင်္ကြန်အတက်နေ့တွင် မြောက်ဥက္ကလာပ ဝိဇ္ဇာမဂ္ဂင်ကျောင်းတိုက်မှ နာယကဆရာတော် ဦးကောဝိဒကလည်းကောင်း၊ နှစ်ဆန်းတစ်ရက်နေ့တွင် မဟာဗောဓိကျောင်းတိုက်မှ တိုက်အုပ်ဆရာတော် ဦးနန္ဒက ဓမ္မာစရိယ စာချဆရာတော်ကလည်းကောင်း တရားတော်များဟောကြားမည်ဖြစ်ပြီး ပဋ္ဌမအကြိမ်မြောက် မဟာပဋ္ဌာန်းပူဇော်ပွဲကို ဧပြီ ၂၀ ရက်မှ ၂၅ ရက်အထိ မိုးကောင်းကျောင်းတိုက်နှင့် နိမိတ္တာရုံကျောင်းတိုက်မှ ဆရာတော်၊ သံဃာတော်များက ရွတ်ဖတ်ပူဇော်မည်ဖြစ်သည်။

မော်လမြိုင် ဝင်္ကပါကျောင်းစာသင်တိုက် ဝိပဿနာခုနစ်ရက် အလုပ်ပေးတရားစခန်း

မော်လမြိုင်မြို့ ဝင်္ကပါကျောင်းစာသင်တိုက်သာသနာပြန့်ပွားရေးအသင်းက ကြီးမှူး၍ဆဋ္ဌမအကြိမ်မြောက် မိုးကုတ်ဝိပဿနာ ခုနစ်ရက်အလုပ်ပေးတရားပွဲနှင့် စာအောင်သံဃာပူဇော်ပွဲကို တန်ခူးလပြည့်ကျော် ၁၀ရက်မှ ကဆုန်လဆန်း ၂ရက် (ဧပြီ ၁၀ရက်မှ ၁၇ရက်)အထိ ခုနစ်ရက်တိုင်တိုင် တရားစခန်းဖွင့်လှစ်၍ တရားဓမ္မများ သင်ကြားပို့ချမည်ဖြစ်သည်။

တရားစခန်းဝင် ယောဂီများသည် တန်ခူးလပြည့်ကျော် ၉ရက် (ဧပြီ ၁၀ရက်) ညနေ ၅နာရီအရောက် သတင်းပို့ရမည်ဖြစ်သည်။ မိုးကုတ်ဝိပဿနာ ခုနစ်ရက် အလုပ်ပေးတရားစခန်းပြီးမြောက်ခြင်းအထိမ်းအမှတ် စာအောင်သံဃာတော်များအား ပူဇော်ပွဲကို အဆိုပါကျောင်းတိုက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင် ယောဂီများအတွက် လှူဒါန်းလိုသူများသည် သာသနာပြန့်ပွားရေးအသင်းသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

သင်္ကြန် ခုနစ်ရက်တရားစခန်း

ပဲခူးတိုင်း(အနောက်ပိုင်း)မင်းလှမြို့ စံကျောင်းတိုက်ရိပ်သာတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော သင်္ကြန်တရားစခန်းကို ယခုနှစ်တွင်ခြောက်ကြိမ်မြောက်ကျင်းပမည်ဖြစ်ရာ ကြို့ပင်ကောက်မြို့ ဗောဓိရိပ်သာကျောင်းတိုက် ဒုတိယပဓာန နာယက အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဆရာတော် ဘဒ္ဒန္တဦးဝါယမ ကိုယ်တိုင်ဦးစီးလျက် ၁၃၆၈ ခု တန်ခူးလပြည့်ကျော် ၁၀ ရက်(ဧပြီ ၁၁ ရက်)မှ ကဆုန်လဆန်း ၂ ရက် (ဧပြီ ၁၇ ရက်) အထိ ခုနစ်ရက်တိုင်တိုင် အဆိုပါကျောင်းတိုက်ရိပ်သာ ဓမ္မာရုံ၌ တရားစခန်းဖွင့်လှစ် ဟောပြောပြသမည်ဖြစ်သည်။

အရှင်စန္ဒသာရ(ကျောင်းကုန်း) သင်္ကြန်အထူးတရားစခန်းပွဲ

ရန်ကုန်တိုင်း လှိုင်သာယာမြို့ လှိုင်ရတနာလမ်း (၁၂)ရပ်ကွက် လှိုင်သာယာမြို့နယ်လုံးဆိုင်ရာ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၁၄၆) ဓမ္မရိပ်သာကြီးတွင် ခုနစ်ရက်သင်္ကြန်အထူးတရားစခန်းပွဲကြီးကို ဧပြီ ၁၀ရက်မှ ၁၆ရက် (တန်ခူးလပြည့်ကျော် ၉ ရက်မှ ကဆုန်လဆန်း ၁ရက်)အထိ ကျင်းပမည်ဖြစ်သည်။

တရားစခန်းပွဲ၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏ ကမ္မဋ္ဌာနာစရိယ နယ်လှည့်သာသနာပြု ဓမ္မကထိက အရှင်စန္ဒသာရ(ကျောင်းကုန်း) အရှင်မြတ်က ခန္ဓာဉာဏ်ရောက် ဝိပဿနာတရားတော်များကို ဟောကြားမည်ဖြစ်၍ တရားစခန်းဝင်မည့်ယောဂီများသည် ဧပြီ ၉ ရက် ညနေ လာရောက်ကြပါရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားသည်။

သင်္ကြန်တွင်း လယ်တီဝိပဿနာ တရားစခန်း

သံဃမဟာနာယကအဖွဲ့တွဲဖက်အကျိုးတော်ဆောင် လယ်တီဝိပဿနာ ကမ္မဋ္ဌာနာစရိယ အဖွဲ့ဥက္ကဋ္ဌ ဒွိပိဋကဓရ+ဒွိပိဋကကောဝိဒ၊ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အနွယ်တော်ဝင် စာသင်တိုက်၊ တရားရိပ်သာ သာသနာပြုဌာနတို့၏ ဩဝါဒါစရိယလယ်တီ ဘဒ္ဒန္တ ဇာဂရာဘိဝံသ အရှင်မြတ်၏ကြီးကြပ်မှုဖြင့် လယ်တီဝိပဿနာပြန့်ပွားရေး ဗဟိုအဖွဲ့ချုပ်က သင်္ကြန်တွင်း လယ်တီ ဝိပဿနာတရားစခန်းများကို ၁၃၆၈ ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၁၃ ရက်(ဧပြီ ၁၄ရက်) စနေနေ့ သင်္ကြန်အကျနေ့ ညနေ ၅ နာရီအချိန်တွင် လယ်တီဝိပဿနာတရားစခန်းပေါင်း ၂၆ ကျောင်း တစ်ပြိုင်တည်း ဖွင့်လှစ်ဟောကြားမည်ဖြစ်သည်။

တရားစခန်း ဝင်ရောက်လိုသော ယောဂီများ၊ စေတနာရှင် ပါရမီရှင်များသည် နီးစပ်ရာတရားစခန်းဌာနများသို့ ဆက်သွယ်စာရင်း ပေးသွင်းနိုင်ရန်နှင့် အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ ဖျော်ရည်များ လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဖားကန့်မြို့ စန္ဒာမုနိဆုတောင်းပြည့်စေတီ ရွှေထီးတော်တင်လှူ ဗုဒ္ဓါဘိသေက အနေကဇာတင်၊ ရေစက်ချမင်္ဂလာကျင်းပ တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့်နှင့် ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော် တက်ရောက်ကြည်ညို

ရန်ကုန် ဧပြီ ၇

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့၌ တည်ထားကိုးကွယ်သည့် စန္ဒာမုနိဆုတောင်းပြည့်စေတီ ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော် တင်လှူခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားကို ဧပြီ ၁ ရက် နံနက် ၇ နာရီ မိနစ် ၂၀ က အဆိုပါ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော် ဩဝါဒါစရိယ ဝန်းသိုကျောင်းတိုက် ပဓာန နာယက ဆရာတော်ဘဒ္ဒန္တသီလဝံသထံမှပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြသည်။

တင်လှူပူဇော်

ယင်းနောက် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့်ဇနီး၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် တာဝန်ရှိသူများ၊ အလှူရှင်များသည် ဒေဝါဝင်း၊ ရာဇာဝင်းခင်း၍ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်ဘုံဆင့်များကို ပင့်ဆောင်ကြပြီး စန္ဒာမုနိဆုတောင်းပြည့် စေတီတော်အား လက်ယာရစ်သုံးပတ် လှည့်လည်ပူဇော်ကြကာ တိုင်း မှူးနှင့်ဇနီး၊ ဝန်ကြီး၊ အလှူရှင်များက စေတီတော် ဘုံဆင့်များ၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်နှင့် သာသနာ့ အောင်လံတော်တို့ကို အစီအစဉ်အတိုင်း စေတီတော် အထွတ်သို့ တင်လှူပူဇော် ကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကြသည်။

ရေစက်သွန်းချ

ဆက်လက်၍ ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာ အခမ်းအနားကို ထွန်းရတနာစိမ်းကုမ္ပဏီက ဆောက်လုပ်လှူဒါန်းသော သီရိရတနာစိမ်းဓမ္မရိပ်သာ ဓမ္မာရုံအတွင်း ကျင်းပရာ တိုင်းမှူး၊ ဝန်ကြီးနှင့် အလှူရှင်များက ဗုဒ္ဓရုပ်ပွားဆင်းတုတော်များနှင့်စန္ဒာမုနိစေတီတော် မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓဘိသိက် သွန်းတော်မူကြသည်။ ယင်းနောက် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် တာဝန်ရှိသူများလိုက်ပါလျက် ဖားကန့်မြို့ရှိ မော်ရှန်–ဆိုင်းအောင် ကတ္တရာလမ်းသစ်ဖွင့်ပွဲမုခ်ဦးသို့ ရောက်ရှိလာပြီး တိုင်းမှူး၊ ဝန်ကြီးနှင့် အလှူရှင် ဦးထွန်းထွန်းတို့က လမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

လှူဒါန်း

အဆိုပါ လမ်းသစ်မှာ အရှည်ပေ ၂၉၇၀၊ အကျယ် ၁၂ ပေရှိ ကတ္တရာလမ်းဖြစ်ပြီး ထွန်းရတနာစိမ်းကုမ္ပဏီနှင့်ရတနာစန်းရှင်ကုမ္ပဏီတို့က အလှူငွေကျပ် ၁၄၅ သိန်း၊ ကတ္တရာ၁၅၃ လုံး စုစုပေါင်း ငွေကျပ် ၂၈၆ သိန်း အကုန်အကျခံဖောက်လုပ်လှူဒါန်းခြင်းဖြစ်သည်။

ဆက်လက်၍ တိုင်းမှူး၊ဝန်ကြီးနှင့် အဖွဲ့သည် လုံးခင်းတိုက်နယ်ဆေးရုံ အကြီးစားမွမ်းမံ ပြုပြင်ပြီးစီးမှုအောင်ပွဲနှင့်အလှူရှင်များအား ဂုဏ်ပြုပွဲကျင်းပရာ လုံးခင်းတိုက်နယ်ဆေးရုံသို့ ရောက်ရှိကြပြီး ဆေးရုံခန်းမ၌ အလှူရှင်များ၏ ဆေးပဒေသာပင်အတွက် လှူဒါန်းငွေများကို လက်ခံ၍ ဂုဏ်ပြုလွှာများ ပေးအပ်သည်။

အဆိုပြုလွှာပေးအပ်

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့သည် ဖားကန့်မြို့နယ် နမ္မဖြစ်ကျေးရွာအုပ်စု ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသစ်ဖွင့်ပွဲ အခမ်းအနားသို့ ရောက်ရှိကြပြီး ရုံးသစ်အဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့က အမှာစကားပြောကြားကြပြီး အဝတ်အထည်များကို လက်ဆောင်ပေးအပ်သည်။ ထို့နောက် နမ္မဖြစ်ကျေးရွာအုပ်စု၏ အသင်းဝင်အဆိုပြုလွှာ ၁၁၂၅ စောင်ကို မြို့နယ်စည်းရုံးရေးတာဝန်ခံက ပေးအပ်ရာ ပြည်နယ်အတွင်းရေးမှူး ဦးရားဝမ်ဂျုံက လက်ခံသည်။

ဆက်လက်၍ မိုးကောင်းမြို့နယ် မန်ရွက်ကျေးရွာ အလယ်တန်းကျောင်းခန်းမ၌ အဆိုပြုလွှာပေးအပ်ပွဲကို ကျင်းပရာ မန်ရွက်ကျေးရွာမှ စုပေါင်းအသင်းဝင် အဆိုပြုလွှာ၆၄၅ စောင်ကို ပြည်နယ်အသင်း အတွင်းရေးမှူး ဦးရားဝမ်ဂျုံက လက်ခံသည်။**(အပေါ်ပုံ)(သတင်းစဉ်)**

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း ထုတ်ကုန်အရောင်းပြပွဲ၂၀၀၇ မြန်မာ ပိုင်အိုနီးယားစတားမှ မြေဖယောင်းထုတ်လုပ်သုံးစွဲခြင်းပြသ

ရန်ကုန် ဧပြီ ၇

မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များအသင်း ထုတ်ကုန်အရောင်းပြပွဲ ၂၀၀၇ကို မတ်၆ ရက်မှ ၈ ရက်အထိ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ပြသလျက်ရှိရာ Myanmar Pioneer Star Co.,Ltd. ပြခန်း၌ မြေဖယောင်း BENTONITE ထုတ်လုပ်သုံးစွဲခြင်းပြသထားသည်။**(အပေါ်ပုံ)**

မီးတောင်ပေါက်ကွဲရာမှ ထွက်ပေါ်လာသည့် ချော်မှုန့်များမှ ပြာများသည် မြစ်ချောင်းတစ်လျှောက် နှစ်ပေါင်းများစွာ အနည်ထိုင်ပြီး သဘာဝအလျောက် မြေဖယောင်းအဖြစ် ပြောင်းလဲလာသည့် မြေသယံဇာတ ဖြစ်သည်။ မြေဖယောင်း အရည်အသွေး လေးမျိုးရှိပြီး ပတ်ဝန်းကျင်ရှိမြေ အခြေအနေပေါ်မူတည်၍ အညို၊ အဝါ၊ အစိမ်း၊ အနက်ဟူ၍ အရောင်များရှိသည်။

အသုံးပြု

မြေဖယောင်းသည် စက်မှုကုန်ကြမ်းအဖြစ် ဆည်ကြီးများ၊ တံတားတိုင်ကြီးများ ပုံလောင်းရာတွင် အသုံးပြုသည့် ဆည်အောက်ခြေ ရေပိတ်လွှာအဖြစ် ဘိလပ်မြေနှင့်အချိုးကျရောစပ်၍ လည်းကောင်း၊ တံတားတိုင်ကြီးများ ဆောက်လုပ်ရာတွင် ရေမစိမ့်စေရန် မြေထိန်းနံရံအဖြစ်လည်းကောင်း အသုံးပြုသည်။ ထို့ပြင် သံရည်ကျို ပုံလောင်းရာတွင် သဲမိုများပြုလုပ်ခြင်းကြောင့် မျက်နှာပြင်ချောမွတ်ပြီး အရည်အသွေး ကောင်းမွန်သည့် ပစ္စည်းများရရှိသည်။ စားသုံးဆီ၊ စက်ဆီ၊ ချောဆီများ အရောင်ချွတ်ရာတွင် အသုံးပြုနိုင်သည်။ တိရစ္ဆာန်အစာတောင့်များ၊ မြေသြဇာများ အစိုင်အခဲပြုလုပ်ရာတွင် သဘာဝကော်အဖြစ် အသုံးပြုနိုင်သည်။ ရေနံတွင်းများ တူးဖော်ရာတွင် မြေသားနံရံထိန်းအဖြစ်လည်းကောင်း၊ ဆေးဝါးများနှင့်အလှပြင်ပစ္စည်းများ၊ အသားလိမ်း အဆီများ ပြုလုပ်ရာတွင် လည်းကောင်း၊ အချိုရည်များ၊ အရက်များအနည်စစ် သန့်စင်ရာတွင်လည်းကောင်း အသုံးပြုသည်။

ထုတ်လုပ်ထား

Myanmar Pioneer Star Co.,Ltd. သည် နိုင်ငံတကာအဆင့်မီ အမျိုးအစားကောင်းမွန်သည့်မြေဖယောင်းများကို ပြည်တွင်း ပြည်ပ ဈေးကွက်လိုအပ်ချက်နှင့်အညီ မြေဖယောင်းမှုန့် အရွယ် 200 MESH ထိပြုလုပ်၍ ဖြန့်ဖြူးရောင်းချလျက်ရှိသည်။ မြေဖယောင်းများကို Grade A,B,C, ဟူ၍ ခွဲခြားထုတ်လုပ်ထားသည်။

အဆိုပါ မြေဖယောင်းကို စိတ်ပါဝင်စား သူများသည် MPS Co.,Ltd. အမှတ်(၉၂) ဗဟိုလမ်း ၃(ခ)ရပ်ကွက် ငွေကြာရံရိပ်သာ တောင်ဥက္ကလာပမြို့နယ် ၊ဖုန်း–၅၇၇၀၄၀၊ အီးမေးလ် mps @baganmail. net.mm သို့ဆက်သွယ်နိုင်သည်။ **(သတင်းစဉ်)**

ဘယ်သွားနေလဲ မင်းကိုနိုင်

ငါးမင်းဆွေ

၂၀၀၇ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့သည် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ဖြစ်ပါသည်။ ထိုနေ့ညက ကျွန်တော်သမီးကြီးထံ ရောက်နေသည်။ ည ၇ နာရီတွင် RFA သတင်းကို ဖွင့်နားထောင် လိုက်သည်။ ဝါရင့်နိုင်ငံရေး ပုဂ္ဂိုလ်ကြီးများ၊ NLD မှ ပုဂ္ဂိုလ်များ၊ ၈၈ မျိုးဆက်ကျောင်းသားများသည် ပန်းဆိုးတန်း ကမ်းနားရှိ ရွှေဘဲလေး စားသောက်ဆိုင်တွင် ပြည်ထောင်စုနေ့ ညစာစားပွဲ လုပ်နေကြသည်ဟု RFA က ပြောသွားသည်။ အပြင်မှပြန်လာသော သမီးကြီးအား အဖေ ရွှေဘဲလေးစားသောက်ဆိုင်ကို သွားချင်တယ်ဟု ပြောလိုက်ရာ သမီးကြီးက လိုက်ပို့ပေးပါသည်။

ရွှေဘဲလေးဆိုင်မှ ဧည့်ကြိုက ကျွန်တော်တို့အား အပေါ်ထပ်သို့ ခေါ်ဆောင်သွားသည်။ ကျွန်တော်သည် လက်ထဲတွင် ရေဒီယိုငယ်လေးကိုကိုင်ပြီး လိုက်ပါလာသည်။ အပေါ်ထပ်ရောက်တော့ စားပွဲဝိုင်းက မအားပါ။ ထို့ကြောင့် လသာဆောင်တွင် ခေတ္တရပ်နေရသည်။ လသာဆောင်တွင်လည်း ဝိုင်းကပြည့်ကျပ်နေသည်။ ထိုလသာဆောင်ဝိုင်းတွင် မြန်မာအမျိုးသား၊ အမျိုးသမီး အရွယ်ပေါင်းစုံနှင့် နိုင်ငံခြားသားများကိုပါ တွေ့လိုက်ရသဖြင့် ထိုဝိုင်းသည် ဝါရင့်နိုင်ငံရေးသမားကြီးများ၏ ပြည်ထောင်စုနေ့ ညစာစားပွဲဖြစ်ကြောင်း ရိပ်စားမိလိုက်သည်။ ကျွန်တော်သည် ရေဒီယိုငယ်လေးကိုကိုင်ပြီး BBC ထုတ်လွှင့်ချက်များကို သူတို့အနီးတွင် နားထောင်နေရာ သူတို့၏မျက်လုံးများက ကျွန်တော့်ထံ ရောက်ရှိလာပါသည်။

ခဏကြာမှ ထိုလသာဆောင်အဝင်ဝရှိ စားပွဲဝိုင်း အားသွားပြီး ကျွန်တော်တို့ နေရာရခဲ့ပါသည်။ ကျွန်တော်သည် စားသောက်ရင်းဖြင့် သူတို့၏ ပြည်ထောင်စုနေ့ ညစာစားပွဲကို အကဲခတ်ကြည့်လိုက်မိသည်။ ထိုပြည်ထောင်စုနေ့ ညစာစားပွဲတွင် နိုင်ငံခြားသားမျက်နှာဖြူများကို တွေ့လိုက်ရသဖြင့် ကျွန်တော် အောင့်သက်သက်ဖြစ်မိသည်။ ယခုလို ပြည်ထောင်စုနေ့ မိတ်ဆုံစားပွဲတွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းစသော ပြည်ထောင်စုဖွား ညီအစ်ကို တိုင်းရင်းသားများနှင့် ချစ်ချစ်ခင်ခင် ပျော်ပျော်ရွှင်ရွှင် စားသောက်ကြရမည်ဖြစ်သည်။ ယခုတော့ နိုင်ငံခြားသားများနှင့် ပျော်ပျော်ရွှင်ရွှင် ချစ်ချစ်ခင်ခင် စားသောက်နေကြသည်မှာ ပြည်ထောင်စုနေ့၏ အနှစ်သာရကို ပေါ့ပျက်သွားစေသည်ဟု ထင်မိသည်။ လွတ်လပ်ရေးအောင်ပွဲနေ့လို နေ့မျိုးတွင်သာ နိုင်ငံခြားသားများကို ဖိတ်ခေါ်သင့်ပါသည်။ ထိုညစာ စားပွဲတွင် နိုင်ငံခြားသားများက မြန်မာဘီယာကိုသောက်ကြပြီး မြန်မာအမျိုးသားတို့က ဂျော်နီဝါးကား စကော့ဝီစကီ သောက်နေကြသည်ကို တွေ့လိုက်ရပါသည်။

ကျွန်တော်သည် မင်းကိုနိုင်၊ ကိုကိုကြီး၊ မင်းဇေယျာ၊ ကိုဂျင်မီ၊ ကိုဌေးကြွယ်စသော ၈၈ မျိုးဆက် ကျောင်းသားဆိုသူများကို မမြင်ဖူးခဲ့ပါ။ ဓာတ်ပုံပင်လျှင် မတွေ့ဖူးခဲ့ပါ။ ယခုပြည်ထောင်စုနေ့ ညစာ စားပွဲတွင် သူတို့ရှိနေကြသည်။ သူတို့သည် ကျွန်တော်နှင့်လက်တစ်ကမ်းအကွာတွင် ရှိနေကြပါမည်။ ကျွန်တော်သည် သူတို့ထံသွားရောက်၍ ကျွန်တော် ငါးမင်းဆွေပါဟု မိတ်ဆက်ပြီး ပြည်ထောင်စုနေ့ ညစာစားပွဲကို မင်းကိုနိုင်တို့ ၈၈ မျိုးဆက်ကျောင်းသားများနှင့် ချစ်ချစ်ခင်ခင် ပျော်ပျော်ပါးပါး ဆင်နွှဲလိုပါသည်။ သို့သော် မြင်တွေ့နေရသော မြင်ကွင်းတို့က ကျွန်တော့်နှလုံးသားဆန္ဒကို နင်းချေဖျက်ဆီးလိုက်ပါပြီ။ မှာထားသော အစားအသောက်များကို မြန်မြန်စားသောက်ပြီး သူတို့နှင့်ဝေးရာသို့ ကျွန်တော်ထွက်ခဲ့ပါတော့သည်။

ဖေဖော်ဝါရီလကုန်ပိုင်းတွင် အမေကိုသတိရသဖြင့် သမီးကြီးနှင့်အတူ ကျိုက္ခမီသို့သွားခဲ့ပါသည်။ ဒီတစ်ခါ ကျိုက္ခမီသို့သွားရသည်ကို ကျွန်တော်စိတ်လှုပ်ရှားမိသည်။ ဇန်နဝါရီလ ၁၀ရက်နေ့က သတင်း စာများတွင် ဖော်ပြခဲ့သော"ငါးမင်းဆွေမှ ဒေါ်စုကြည်သို့" ဆောင်းပါးတွင် ကျိုက္ခမီသပိတ်အကြောင်းနှင့် ၁၉၉၀ ကျိုက္ခမီ ရွေးကောက်ပွဲအကြောင်းများကို ရေးထားပါသည်။ ကျိုက္ခမီဆိုတာက ကျွန်တော် မွေးဖွားကြီးပြင်းခဲ့သော မြို့ဖြစ်၍ ညီအစ်ကိုမောင်နှမဆွေမျိုးသားချင်း သူငယ်ချင်းများရှိကြသည်။ သူတို့သည် ကျွန်တော်နှင့် ပြောမနာ ဆိုမနာသူများ ဖြစ်ကြသည်။ ကျိုက္ခမီ NLD များသည် ကျွန်တော်၏ မောင်နှမဆွေမျိုးသားချင်း သူငယ်ချင်းများ ဖြစ်ကြသည်။ ကျိုက္ခမီ ရောက်လျှင် ငါတော့အပြောခံ၊ အဆော်ခံရတော့မည်ဟု ထင်ထားခဲ့သည်။ ကျွန်တော်အကြောက်ဆုံးက အစ်မငယ် မစောမြင့်ဖြစ်သည်။ သူနှင့်ကျွန်တော်သည် အသက်ခြောက်နှစ်ကွာသည်။ ငယ်ငယ်တုန်းက သူစိတ်မထင်လျှင်ကျွန်တော့်ကို ဆတ်ခနဲ ဆတ်ခနဲ ခေါင်းခေါက်ခဲ့သူဖြစ်သည်။ အစ်မငယ်သည် စပါးလယ်၊ ရော်ဘာခြံ လုပ်ငန်းတို့ဖြင့် ကြီးပွားချမ်းသာနေသူဖြစ်သည်။ ကျွန်တော်ငွေလိုလျှင် သူ့ဆီမှ ချေးငှားရပါသည်။ ကျိုက္ခမီရောက်တော့ အစ်မငယ်နှင့် ယောက်ဖ NLD တို့က ပြုံးရွှင်စွာကြိုဆိုခဲ့ကြသည်။ ဒီတော့မှ ကျွန်တော် သက်ပြင်းချနိုင်တော့သည်။

ကျွန်တော်ကျိုက္ခမီတွင်ရှိနေစဉ် ဘကြီးတော်သူ ဦးအောင်ထွန်း ရောက်လာပါသည်။ ဘကြီးဦးအောင်ထွန်းသည် ကျွန်တော့်အဖေ၏ အစ်ကိုဖြစ်ပြီး အသက် ၈၄ နှစ်ရှိပါပြီ။ ဘကြီးအောင်ထွန်းသည် လွတ်လပ်ရေးမော်ကွန်းဝင် ပထမဆင့်ရခဲ့သူဖြစ်သည်။ ကျိုက္ခမီ ဖဆပလ လူငယ်ခေါင်းဆောင်ဖြစ်ခဲ့သည်။ မဆလခေတ်တွင် ကျိုက္ခမီ ပြည်သူ့ကောင်စီဥက္ကဋ္ဌ ဖြစ်ခဲ့သည်။ ရှစ်လေးလုံး အရေးအခင်း၌ ကျိုက္ခမီသပိတ်တွင် နာယကကြီးလည်း ဖြစ်ခဲ့သည်။ ရှစ်လေးလုံးညက "ပါတီကောင်စီ အလိုမရှိဆိုသော ပြည်သူလူထု၏ ဆန္ဒကို လေးစားလိုက်နာသောအားဖြင့် ပါတီကောင်စီများ သပိတ်စခန်းမှ ထွက်ပေးကြပါဟု" အသံချဲ့စက်ဖြင့် ကျွန်တော်ပြောခဲ့သည်။ ထိုသို့ သပိတ်စခန်းမှ ထွက်ခွာပေးရန် ကျွန်တော်တောင်းဆိုခဲ့သော ပါတီကောင်စီလူကြီးများထဲတွင် ဘကြီးအောင်ထွန်းလည်းပါဝင်ခဲ့သည်။

ကျိုက္ခမီ ရှစ်လေးလုံးသပိတ်အကြောင်းကို "ငါးမင်းဆွေမှ ဒေါ်စုကြည်သို့" ဆောင်းပါးတွင် ကျွန်တော် အကျယ်တဝင့် ရေးခဲ့သည်။ ယခုကျွန်တော့်ထံသို့ ဘကြီးအောင်ထွန်းရောက်လာပါပြီ။ ဒီလိုရေးရကောင်းမလားဟု ကျွန်တော့်ကို ဆူပူကြိမ်းမောင်း အပြစ်တင်တော့မည်ဟု ထင်မိပါသည်။ သို့သော် ကျွန်တော်ထင်သလို မဖြစ်ခဲ့ပါ။ ဘကြီးသည် ကျွန်တော့်ကို ပြုံးပြလိုက်သည်။ ထို့နောက် "မင်းဆွေ၊ နင်ခုလို သတင်းစာထဲမှာ ရေးလာနိုင်တာ ငါဂုဏ်ယူတယ်၊ ငါဝမ်းသာတယ်"ဟု ပြောပါသည်။ ဘကြီးအောင်ထွန်း၏ စကားကြောင့် ကျွန်တော့်မျက်လုံးအိမ်ထဲတွင် မျက်ရည်များ ပြည့်လျှံလာပါသည်။ ထိုမျက်ရည်သည် ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်း နှစ်ခုစလုံး ရောယှက်နေသော မျက်ရည်ဖြစ်ပါသည်။

ဘကြီးအောင်ထွန်း ပြန်သွားပြီးနောက် အဖေနှင့် လုပ်ဖော်ကိုင်ဖက်ဖြစ်ခဲ့သော ဦးဘန်ထွန်း ကျွန်တော့်ထံ ရောက်လာသည်။ ဦးဘန်ထွန်းသည် အသက် ၇၅ နှစ်ရှိပါပြီ။ သူက ကျွန်တော့်ကို တွေ့သည်နှင့် လက်ဖျားခါလိုက်သည်။ "မင်းဆွေ၊ နင်က တော်တော်စာရေးနိုင်တယ်နော်၊ သတိလဲထားဦး၊ နင်ဒုက္ခရောက်နေဦးမယ်" ဟု ပြောသည်။ ကျွန်တော်က စာရေးခြင်းကြောင့် ကျွန်တော် အကျိုးရှိမှာ၊ အကျိုးထိခိုက်မှာကို လုံးဝထည့်မတွက်ထားကြောင်း အသေးစိတ် ရှင်းပြလိုက်ပါသည်။ ကျွန်တော်သည် ဦးဘန်ထွန်းကို ကျွေးမွေးပြုစုလို၍ အိမ်အနီးရှိ ကိုအောင်စိုး စားသောက်ဆိုင်သို့ထွက်ခဲ့သည်။ စားသောက်ဆိုင်တွင် ကျိုက္ခမီသားတစ်သိုက် စားသောက်နေကြသည်။သူတို့သည် တော်တော်လေးအရှိန်ရနေကြသည်။ သူတို့က ကျွန်တော့်ကို နှုတ်ဆက်ကြသည်။ သူတို့ထဲမှ ရော်ဘာခြံသူဌေးလေး မြင့်ခိုင်က "ကိုမင်းဆွေဟာ ကျောင်းကတည်းက စပါးတစ်စေ့၊ (၇)နှစ်၊ သဘော်(၇)စင်း ပုံပြင်နဲ့ ကျွန်တော်တို့ကို ပညာပေးခဲ့တယ်။ ယခု

ယနေ့အချိန်အခါဟာ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဖြစ်လာအောင် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ပြီး အကောင်အထည်ဖော်နေချိန် ဖြစ်တယ်။ အရည်အချင်းပြည့်ဝတဲ့၊ ကိုယ်ကျိုးစွန့် အနစ်နာခံတတ်တဲ့၊ ရိုးသားကြိုးစားတဲ့ လူတော်လူကောင်းတွေကသာ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်လာအောင် စွမ်းဆောင်နိုင်ကြပါလိမ့်မယ်။ ကိုယ်အခွင့်အရေးရဖို့၊ ကိုယ်ကောင်းစားဖို့ ဖော်လန်ဖားလုပ်ကိုင်တဲ့ "စားဖား" တွေ၊ အရည်အချင်း မရှိတဲ့၊ တစ်ကိုယ်ကောင်းဆန်တဲ့ လူညံ့ လူဆိုးတွေက နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်လာအောင် စွမ်းဆောင်နိုင်ကြမှာ မဟုတ်ပါဘူး။ စွမ်းလည်းစွမ်းဆောင်ကြမှာ မဟုတ်ပါဘူး။

8-4 (08) 2 4/8/07, 1:42 PM

သတင်း စာကနေ "ကျွန်တော်တို့ကို ပညာတွေပေးနေပြန်ပါပြီ"ဟု ပြောလိုက်သည်။ "ဟော့၊ မြင့်ခိုင်၊ ငါငယ်ငယ်တုန်းက ပြောတာတွေကို မင်းမှတ်မိသေးတာပဲ၊ ဒီလိုပြောနိုင်ခဲ့တာက သတင်းစာဆရာကြီး လူထုဦးလှရဲ့ ကျေးဇူးကြောင့်ပါ"ဟု ကျွန်တော် ပြန်ပြောလိုက်ပါသည်။ လေးတန်းကျောင်းသား ကျွန်တော်သည် ၁၉၆၉ခုနှစ် ပြည်ထောင်စုနေ့၌ ကျိုက္ခမိမြို့ မူလတန်းကျောင်းပေါင်းစုံ ပုံပြောပြိုင်ပွဲတွင် သတင်းစာထဲ၌ လူထုဦးလှရေးသားခဲ့သော ဆောင်းပါးတစ်ပုဒ်ထဲမှ "စပါးတစ်စေ့၊ (၇)နှစ်၊ သင်္ဘော(၇) စင်း"ဆိုသော ကရင်ရိုးရာ ပုံပြင်လေးဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါသည်။

ကျိုက္ခမိတွင် သုံးညအိပ်ခဲ့သည်။ "ငါးမင်းဆွေမှ ဒေါ်စုကြည် သို့" ဆောင်းပါးနှင့်ပတ်သက်၍ မည်သူကမျှ ကျွန်တော့်ကို ပြစ်တင်ကန့်ကွက်ပြောဆိုခြင်း မရှိခဲ့ပါ။ ရန်ကုန်အပြန်တွင် ယောက်ဖ NLD ကြီးလည်းပါလာသည်။ မော်လမြိုင် သံလွင်တံတားကြီးကို ဖြတ်လိုက်သောအခါ ယောက်ဖ NLD ကြီးက "ဒီအစိုးရဟာ လမ်းတံတားတွေတော့ တော်တော်လုပ်ပေးတယ်"ဟု ပြောလာသည်။ ယောက်ဖ NLDကြီးက တပ်မတော်အစိုးရ၏ လုပ်ဆောင်ချက်ကို အသိအမှတ်ပြုလိုက်သဖြင့် ကျွန်တော်ပြုံးစိစိ ဖြစ်သွားသည်။ "ဩော်–ဒါနဲ့ ကိုအေးမြင့်၊ ကျိုက္ခမိမှာ NLD လှုပ်ရှားမှုတွေ မရှိတော့ဘူးလား"ဟု ကျွန်တော်မေးလိုက်မိသည်။ "မရှိတော့ပါဘူးကွာ၊ ကိုရဲချစ်နုတ်ထွက်လိုက်ပြီးကတည်းက ကျိုက္ခမိ NLDဟာ ခေါင်းဆောင်မဲ့သလိုဖြစ်သွားခဲ့တယ်"ဟု ယောက်ဖဖြစ်သူက ပြောပါသည်။ ဦးရဲချစ်မှာ ကျွန်တော်၏ "ဦး"တော်သူဖြစ်သည်။ ဦးရဲချစ်သည် ကျွန်တော်၏ ဘိုးလေး ဗိုလ်အောင်ဘော်၏သားဖြစ်သည်။ ဗိုလ်အောင်ဘော်သည် ဖက်ဆစ်တော်လှန်ရေး ခေါင်းဆောင်တစ်ဦးဖြစ်ပြီး ကျိုက္ခမိနယ် ဖဆပလ အမတ်တစ်ဦး ဖြစ်ခဲ့သည်။ ဦးရဲချစ်သည် မဆလခေတ်တွင် ကျိုက္ခမိ ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်တစ်ဦး ဖြစ်ခဲ့ပြီး နဝတခေတ်တွင် NLDပါတီမြို့နယ် ဒုဥက္ကဋ္ဌ ဖြစ်ခဲ့သည်။

ကျွန်တော်က "ကိုအေးမြင့်ရော NLD မှနုတ်ထွက်ပြီးပြီလား" ဟု မေးလိုက်ပါသည်။ ကိုအေးမြင့်က "မနုတ်ထွက်သေးဘူး၊ မနုတ်ထွက်လဲ ဘာမှတို့မလှုပ်ရှားကြတော့ဘူး။ ဒီတော့ မနုတ်ထွက်လဲ၊ နုတ်ထွက်ထားသလို ဖြစ်နေပါပြီ"ဟု ယောက်ဖ NLD က ပြောပါသည်။

မတ်လဆန်းတွင် သထုံနယ် ဆိပ်ကျွန်းကျေးရွာရှိ ငါးကန်ဖော်သဖြင့် ကျွန်တော် အလုပ်များနေသည်။ မတ်လ ၁၃ ရက်နေ့တွင် ကျွန်တော်၏ တူဖြစ်သော ကိုလှဌေးက စာတစ်စောင် ယူလာပြီး "ဦးလေးဆီကို မရမ်းကုန်းရွာက လူတစ်ယောက် စာပေးလာတယ်။ စာအိတ်က ဖွင့်ထားလို့ ကျွန်တော် ဖတ်ကြည့်လိုက်ပါတယ်။ သတင်းစာထဲပါတဲ့ ဦးလေးရဲ့ဆောင်းပါးအကြောင်းကို ရေးထားတယ်"ဟုပြောပြီး ကျွန်တော့်ကို စာကမ်းပေးပါသည်။ ကျွန်တော်လည်း ငါးချိန်နေရာမှ ထိုစာကိုယူပြီး ချက်ချင်း ဖတ်လိုက်သည်။ ထိုစာမှာ လွန်ခဲ့သော နှစ်လက ရေးထားသောစာ ဖြစ်နေသည်။ စာရေးသူသည် ကျွန်တော့်ကို ထိုစာပေးရန် ချီတုံချတုံမဝံ့မရဲ ဖြစ်နေပုံရသည်။ ထိုစာသည် အိတ်ဖွင့်ပေးစာဖြစ်၍ စာဖတ်ပရိသတ်များ ဖတ်ရှုနိုင်ပါရန် မူရင်းအတိုင်း တင်ပြပါမည်။

သို့

ကိုမင်းဆွေ

၁၃–၁–၂၀၀၇

၂၃း၀၀နာရီ

ကျွန်တော် ခင်မင်လေးစားစွာဖြင့် စာရေးလိုက်ပါတယ်။

ကျွန်တော်က သထုံမြို့နယ်၊ မရမ်းကုန်းကျေးရွာကဆိုတော့ ကိုမင်းဆွေမစိမ်းတဲ့ ဒေသကဆိုရင်လည်း မှားမယ်မထင်ပါဘူး၊ ဒါပေမဲ့ လူချင်းတာ မသိကြလို့ပါ။ ကျွန်တော် ဒီနေ့ညနေ ၄ နာရီလောက်က မိမိလုပ်ထားတဲ့ လယ်ကနေပြီး အိမ်ကို ခြေကျင်နှင့် ပြန်ခဲ့တယ်။ ညနေ ၆း၃၀နာရီလောက် အိမ်ပြန်ရောက်တယ်။ အိမ်ရောက်ပြီး ရေချိုး ထမင်းစားပြီး ၉း၃၀နာရီ ဘောလုံးပွဲ တဝက်ကြည့်ဖြစ်တယ်။ အိမ်ပြန်ရောက်တော့ ကွင်းထဲမှာနေတဲ့ ရက်ကလေးများသွားတာနဲ့ မကြည့်ဖြစ်တဲ့ သတင်းစာကလေး ကောက်ကြည့်လိုက်တော့ ၁၀–၁–၂၀၀၇ရက်နေ့မှာပါလာတဲ့ ကိုမင်းဆွေရဲ့ "ငါးမင်းဆွေမှ ဒေါ်စုကြည် သို့" ဆိုတဲ့ ဆောင်းပါးကို ဖတ်ပြီးတော့ ကိုမင်းဆွေဆီကို စာရေးဘို့ ဆန္ဒတွေဖြစ်ပေါ်လာတာနဲ့ အချိန်မတော်ကြီးဘဲ စာရေးမိတာပါ။

ကိုမင်းဆွေဆောင်းပါးတွေ ဖတ်ရတာ ကျွန်တော်အားရကျေနပ်တယ်ဗျာ" ၇၅မင်းဆွေမှ ၈၈ မင်းကိုနိုင်သို့" "ငရဲမင်းနှင့် ငရဲဆွေ"(ငရဲမင်းနှင့်ငမင်းဆွေ)ဆိုတဲ့ဆောင်းပါးတွေလည်းဖတ်ရတယ်။ ကိုမင်းဆွေလည်း မြန်မာနိုင်ငံကပြည်သူတစ်ယောက်၊ ကျွန်တော်လည်း မြန်မာနိုင်ငံက ပြည်သူတစ်ယောက်ပါဘဲ။(စာနောက်ပိုင်းမှာ ကျွန်တော် မိတ်ဆက်ပါမယ်) ကိုမင်းဆွေရေးတဲ့ ဆောင်းပါးတွေဟာ တကယ့်ဘဝလက်တွေ့ ဖြတ်သန်းခဲ့တဲ့ အတွေ့အကြုံတွေကို လှီဆယ်(လည်ဆယ်)မှုမပါဘဲရေးတယ်ဆိုတာ ကျွန်တော်အကြွင်းမဲ့ ယုံကြည်တယ်။ ဒါပေမဲ့ ကျွန်တော်တို့နိုင်ငံမှာ ပြည်တွင်း၊ ပြည်ပမှာ အမည်အမျိုးမျိုးတပ်ပြီး သူတို့ကိုယ်သူတို့ အတိုက်အခံအုပ်စုလို့ ခံယူထားတဲ့သူတွေ ယုံပါ့မလား။ ကိုမင်းဆွေကို အစိုးရလူ အစိုးရ မီဒီယာလို့ဘဲထင်မလား သို့တည်းမဟုတ် ပြင်ပက ပြည်သူတစ်ယောက် အနေနဲ့ အဖြစ်မှန် အခြေအနေမှန် ရေးတာကိုသိရက်နဲ့ မသိဟန်ဘဲ ဆောင်နေသလားဆိုတာကိုတော့ မသိနိုင်ဘူးနော်။ မသိတဲ့သူဟာ သိသွားရင် အဖြေမှန်ရပြီး လမ်းမှန်ကိုရောက်သွားတယ်။ မသိဟန်ဆောင်တဲ့ သူကတော့ အဖြေမှန်သိပေမဲ့လည်း ဟန်ဆောင်နေရအုံးမှာဘဲဆိုတော့ မှန်တဲ့လမ်းကို လျှောက်ဘို့ကခက်တယ်။

ကျွန်တော်အချိန်ရရင် BBC, VOA,RFAတို့ကို နားထောင်ဖြစ်ပါတယ်။ တစ်ခါတစ်လေ နားကလောစရာဘဲ။ နိုင်ငံခြားသားတွေက နယ်ချဲ့စိတ်နဲ့ မဟုတ်တမ်း ယုံထင်ကြောင်ထင်အောင် ပြောတယ်ထား၊ ကျွန်တော်တို့ နိုင်ငံသားတွေကပါ ထမင်းတဝမ်းအတွက်နဲ့ နိုင်ငံတော်ကို သစ္စာဖောက် ပြည်သူလူထုတွေ ဆင်းရဲတွင်းနက်အောင်၊ ဒုက္ခမရောက်ရောက်အောင် ပြောဆိုလုပ်ကိုင်နေကြတာ ရင်နာမိပါတယ်။ သူတို့ကို နယ်ချဲ့တွေက ပေးကမ်းထောက်ပံ့ရင်လည်း သူတို့မိသားစု ဆွေမျိုးတွေအတွက်သာ ပြေလည်မှာပေါ့။ တစ်ဖက်ကတော့ နိုင်ငံတော်ကြီး ဖရိုဖရဲဖြစ်မှာ ပြည်သူတွေ ဒုက္ခရောက်မှာကိုတော့ လုံးဝမစဉ်းစားကြဘူး။ ဒီလို လူမျိုးတွေလား နိုင်ငံတော်ကို ချစ်ပါတယ်၊ ပြည်သူတွေသနားပါတယ်ဆိုတဲ့ အော်သံတွေ၊ အဲဒီလူမျိုးတွေထဲမှာများ ကျွန်တော်ထက်၊ အသက်အရွယ်အားဖြင့်ရင်း၊ ပညာအရည်အချင်းအားဖြင့်ရင်း၊ အတွေ့အကြုံအားဖြင့်ရင်း၊ စီးပွားရေးအားဖြင့်ရင်း သာကြတဲ့ သူတွေကြီးပါဘဲ။ ဘာကြောင့် မိုက်တွင်းနက်နေကြသလဲ။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ထမိန်(ထမီ)နား ခိုစားနေကြတဲ့ သူတွေဆိုလည်း မမှားဘူး။ ကျွန်တော်ကတော့ ဒီလူတွေကို ကြာလေရွံ့လေဘဲ။ ကျွန်တော်တို့လည်း အမှားနှင့်အမှန်၊ အကောင်းနှင့်အဆိုးကို ဝေဖန်ပိုင်းခြားတတ်ပါတယ်။ တစ်ခါတစ်လေ ပြည်ပအသံလွှင့်ဌာနတွေကဘဲ ပြည်သူတွေကို ခုတုံးလုပ်တာရှိသေး။ ကျွန်တော့်အထင်တော့ ဒီလူတွေဟာ သူများပေးစာကမ်းစာနဲ့ အသက်ရှင်နေရတော့ လမ်းမှန်ကို သိရက်နဲ့လည်း မလျှောက်ရဲကြတော့ဘူးထင်ပါတယ်။ ကျွန်တော်တို့ တွေကတော့ နယ်မြေအေးချမ်းပြီး ကိုယ့်ရဲ့မိရိုးဖလာ လယ်မြေကိုဘဲ စိတ်ချလက်ချ လုပ်ကိုင်နေရရင် ကျေနပ်နေသူတွေပါ။

တလောက BBC, VOAက အသံတစ်သံ ကြားလိုက်ရသေးတယ်။ ၈၈ မျိုးဆက်သစ်ကျောင်းသား ကိုဂျင်မီဆိုလား "ပြည်သူတွေရဲ့ ခံစားချက်တွေကိုရေးပို့ပေးပါ၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေဆီကို ရောက်အောင်ပို့မယ်တဲ့" ကျွန်တော်ရေးချင်တာက ဗိုလ်ချုပ်မှူးကြီးဆီ မဟုတ်ပါဘူး။ ပြည်တွင်းပြည်ပက ပွစိပွစိလုပ်နေတဲ့ သူတွေဆီကိုဘဲ ပြည်သူတွေ ချမ်းသာတာကို အေးချမ်းတာကို မြင်တွေ့ချင်ရင် ငြိမ်ငြိမ်ကလေး နေပေးကြပါလို့။

စာလည်းရှည်သွားပြီး နောက်များမှဘဲ ဆက်ရေးတော့မယ်။

ကိုမင်းဆွေရဲ့ ပရိသတ်

ဦးမျိုးမြင့်

မရမ်းကုန်းကျေးရွာ။

အထက်ပါစာသည် လယ်သမားတစ်ဦး၏ အတွေး၊ အမြင်၊ လယ်သမားတစ်ဦး၏ခံစားချက်ဖြစ်ပါသည်။ စာနောက်ဆုံးပိုဒ်တွင် မင်းကိုနိုင်တို့ ၈၈ မျိုးဆက်ကျောင်းသားအဖွဲ့၏ ပေးစာ လှုပ်ရှားမှုကို ဆန့်ကျင်ဝေဖန်ထားသည်ကို တွေ့ရသည်။ မင်းကိုနိုင်တို့အဖွဲ့၏ အဖြူရောင်ဝတ်ဆင်လှုပ်ရှားမှု၊ ပေးစာလှုပ်ရှားမှုတို့သည် အောင်မြင်မှုမရှိကြောင်းကို သူတို့ကိုယ်တိုင်သိရှိကြပါသည်။ ယနေ့ မြန်မာလူထုလိုလားသည်မှာ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖြစ်သည်။ ပြည်သူလူထု၏ လိုလားချက်ကို မင်းကိုနိုင်တို့ ၈၈ မျိုးဆက်ကျောင်းသား ဆိုသူများသည် တတ်နိုင်သည့်ဘက်မှ တစ်တပ်တစ်အားဖော်ဆောင်လုပ်ကိုင်သင့်ပါသည်။

ညီလေးမင်းကိုနိုင် ....နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် ဘယ်လိုဘယ်ပုံလုပ်ကိုင်ကြမည်ကို ပြောဆိုဆွေးနွေးတိုင်ပင်ကြရန်လိုပါတယ်။ ပြောရုံတင်မက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ကျရာနေရာမှ လက်တွေ့အကောင်အထည်ဖော် လုပ်ဆောင်ကြရပါမယ်။ ထိုသို့မပြောမလုပ်ကြဘဲ ဟိုလှုပ်ရှားမှု ဒီလှုပ်ရှားမှု ဟိုရပ်လား၊ ဒီရပ်လား ဟေးလားဝါးလား လုပ်နေကြခြင်းဟာ နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်စေလိုတဲ့ ပြည်သူလူထု၏ဆန္ဒနှင့် ဆန့်ကျင်ဘက်ဖြစ်နေပါတယ်။

ညီလေးမင်းကိုနိုင် .... ညီလေးတို့ရဲ့အဖွဲ့ကိုကြည့်ရတာ BBC, VOA, RFA, DVB စတဲ့ အသံလွှင့်ဌာနများရဲ့ လေလှိုင်းများမှာ ကိုယ့်အသံလေးပါလာတာကို သာယာကျေနပ်နေပုံရတယ်။ ဒီလိုသာယာကျေနပ်နေကြတယ်ဆိုလျှင် မင်းကိုနိုင်တို့ ၈၈ မျိုးဆက်ကျောင်းသားအဖွဲ့ဆိုတာ အသံသာရှိပြီး အဆန်မရှိတဲ့ သကြန်အမြောက်ကြီး ဖြစ်သွားပါလိမ့်မယ်။

ညီလေး မင်းကိုနိုင် **...... ယနေ့အချိန်အခါဟာ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့်ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးဖြစ်လာအောင် မူဝါဒလမ်းစဉ် (၇)ရပ်ချမှတ်ပြီး အကောင်အထည်ဖော်နေချိန်ဖြစ်တယ်။ အရည်အချင်းပြည့်ဝတဲ့၊ ကိုယ်ကျိုးစွန့် အနစ်နာခံတတ်တဲ့၊ ရိုးသားကြိုးစားတဲ့ လူတော်လူကောင်းတွေကသာ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်လာအောင် စွမ်းဆောင်နိုင်ကြပါလိမ့်မယ်။ ကိုယ်အခွင့်အရေးရဖို့ ကိုယ်ကောင်းစားဖို့ ဖော်လန်ဖားလုပ်ကိုင်တဲ့ "စားဖား"တွေ၊ အရည်အချင်းမရှိတဲ့၊ တစ်ကိုယ်ကောင်းဆန်တဲ့ လူညံ့လူဆိုးတွေက နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်လာအောင် စွမ်းဆောင်နိုင်ကြမှာမဟုတ်ပါဘူး။ စွမ်းလည်းစွမ်းဆောင်ကြမှာ မဟုတ်ပါဘူး။**

ညီလေး မင်းကိုနိုင် ...... ညီလေးဟာ ကိုယ်ကျိုးစွန့်အနစ်နာခံတတ်သူတစ်ယောက်ဖြစ်တယ်၊ လူမှန်တစ်ယောက်ဖြစ်တယ်။ အရည်အချင်းပြည့်ဝအောင်ဆိုရင်တော့ မည်သူမဆိုစဉ်ဆက်မပြတ် လေ့လာသင်ယူကြိုးစားနေရမှာဖြစ်တယ်။ ညီလေးလို ကိုယ်ကျိုးစွန့်အနစ်နာခံသူတွေ၊ ရိုးသားမှန်ကန်တဲ့သူတွေ၊ နိုင်ငံတော်ခေတ်မီ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီနိုင်ငံတော်သစ်ထူထောင်ရေး လုပ်ငန်းစဉ်တွေမှာ တက်ကြွစွာပါဝင်လုပ်ကိုင်တာကို အစ်ကိုတို့ မြန်မာပြည်သူလူထုက တွေ့မြင်လိုကြပါတယ်။ နိုင်ငံတော်ခေတ်မီ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဒီမိုကရေစီနိုင်ငံတော်သစ်ထူထောင်ရေးလုပ်ငန်းစဉ်တွေမှာ စားဖားများ၊ လူဆိုးလူညစ်များ အုတ်အရောရော၊ ကျောက်အရောရော ပါလာမှာကိုတော့ အစ်ကိုတို့ မြန်မာလူထုက စိုးရိမ်နေကြပါတယ်။

ညီလေးမင်းကိုနိုင် ...... အစ်ကိုတို့ငယ်ငယ်တုန်းက **"ဘယ်သွားနေလဲ မောင်ရေခဲ"**လို့ အော်ဆိုခဲ့ကြတယ်။ ယခု မြန်မာပြည်သူလူထုတစ်ရပ်လုံးက **"ဘယ်သွားနေလဲ မင်းကိုနိုင်"**လို့ မေးနေကြပါပြီ။ ။

ညီလေး မင်းကိုနိုင် ...... ညီလေးဟာ ကိုယ်ကျိုးစွန့် အနစ်နာခံတတ်သူတစ်ယောက် ဖြစ်တယ်၊ လူမှန်တစ်ယောက် ဖြစ်တယ်။ အရည်အချင်း ပြည့်ဝအောင်ဆိုရင်တော့ မည်သူမဆို စဉ်ဆက်မပြတ် လေ့လာသင်ယူ ကြိုးစားနေရမှာ ဖြစ်တယ်။ ညီလေးလို ကိုယ်ကျိုးစွန့် အနစ်နာခံသူတွေ၊ ရိုးသား မှန်ကန်တဲ့သူတွေ၊ နိုင်ငံတော်ခေတ်မီ ဖွံ့ဖြိုး တိုးတက်ရေးနှင့် ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်ရေး လုပ်ငန်းစဉ်တွေမှာ တက်ကြွစွာ ပါဝင် လုပ်ကိုင်တာကို အစ်ကိုတို့ မြန်မာ ပြည်သူလူထုက တွေ့မြင်လိုကြပါတယ်။ နိုင်ငံတော် ခေတ်မီ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီ နိုင်ငံတော်သစ် ထူထောင်ရေး လုပ်ငန်းစဉ်တွေမှာ စားဖားများ၊ လူဆိုးလူညစ် များ အုတ်အရောရော၊ ကျောက်အရောရော ပါလာမှာကိုတော့ အစ်ကိုတို့ မြန်မာလူထုက စိုးရိမ်နေကြပါတယ်။

ရုရှားမှ ဂျက်လေယာဉ်ဆီများ တရုတ်ရရှိရေး မျှော်မှန်း

ပေကျင်း ဧပြီ ၇

တရုတ်နိုင်ငံ၏ ဂျက်လေယာဉ်ဆီ ထောက်ပံ့ဖြည့်ဆည်းရေးကို ဦးဆောင်ဦးရွက်ပြုနေသော တရုတ်အမျိုးသား လေယာဉ်ဆီလုပ်ငန်း (စီအင်န်အေအက်ဖ်)က ရုရှားနိုင်ငံ လေယာဉ်ဆီထုတ်လုပ်သည့် ရိုစနက်လုပ်ငန်းမှ ဂျက်လေယာဉ်ဆီများ ရေရှည်ရရှိနိုင်ရေး မျှော်မှန်းထားကြောင်း (စီအင်န်အေအက်ဖ်)က ပြောကြားသည်။

တရုတ်၊ ရုရှားနှင့် အခြားနိုင်ငံများတွင် ဂျက်လေယာဉ်ဆီနှင့်ပတ်သက်သောစီးပွားရေးလုပ်ငန်းတစ်ခုကိုဖွဲ့စည်းလုပ်ကိုင်ရန် စီအင်န်အေအက်ဖ်နှင့် ရိုစနက်ကုမ္ပဏီတို့က ပူးပေါင်း ဆောင်ရွက်ရေး သဘောတူညီချက် စာချုပ်တစ်ခုကိုလည်း မကြာမီက လက်မှတ်ရေးထိုးခဲ့ကြသည်။

ထိုသို့ လုပ်ငန်းလုပ်ကိုင်ရာတွင် မည်သည့်ကုမ္ပဏီနှင့်မဆို ပူးပေါင်းရန်နှင့် ပါဝင်ဖြည့်ဆည်းဆောင်ရွက်နိုင်ရန်လည်း လုပ်ဆောင်သွားမည်ဖြစ်သည်။

အသုံးပြု

တရုတ်နိုင်ငံသို့ ဂျက်လေယာဉ်ဆီများ ပေးပို့ရာတွင် ရုရှားနိုင်ငံ အရှေ့ပိုင်းတွင်ရှိသော ရေနံချက်စက်ရုံကို အဓိကအသုံးပြုသွားမည်ဖြစ်ကြောင်း ရုရှားနိုင်ငံက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပြင်သစ်နိုင်ငံ ဂျယ်လ်နီမြို့ အနီး၌ မြန်နှုန်းမြင့်ရထားတစ်စီးကို ဧပြီ ၅ ရက်က တွေ့ရစဉ်။
(အဆိုပါရထားသည် တစ်နာရီလျှင် ၃၇၅ မိုင်နှုန်း ခုတ်မောင်းနိုင်ကြောင်း သိရသည်။)
(ဓာတ်ပုံ-အင်တာနက်)

ခိုးကူးခွေတစ်သန်းကျော် တရုတ်၌ ဖမ်းဆီး

ပေကျင်း ဧပြီ ၇

တရုတ်နိုင်ငံ ကွမ်ဒေါင်းပြည်နယ် ကွမ်ကျိုးမြို့၌ ရဲတပ်ဖွဲ့က မတ် ၁၇ရက်တွင် ခိုးကူးခွေစီဒီနှင့်ဒီဗွီဒီများ ထုတ်လုပ်နေသည့် စက်ရုံတစ်ရုံကို ဝင်ရောက်သိမ်းဆည်းခဲ့ရာ ခိုးကူးစီဒီနှင့် ဒီဗွီဒီ ၁ ဒသမ ၈၁ သန်းကျော် ဖမ်းဆီးရမိခဲ့သည်ဟုဆိုသည်။

ကုန်လှောင်ရုံ ၁၁ ခုအတွင်း ခိုးကူးခွေများ ထုတ်လုပ်သည့်စက်အလုံး ၃၀နှင့် လူ ၁၃ဦးကိုပါ ရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မုန်တိုင်းကြောင့် ထိုင်း၌ နေအိမ် ၁၀၀ ကျော်ပျက်စီး

ဗန်ကောက် ဧပြီ ၇

ထိုင်းနိုင်ငံ အရှေ့မြောက်ပိုင်း ယာဆိုသုန်ပြည်နယ်၌ ဧပြီ ၄ ရက်က မုန်တိုင်းများ တိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် နေအိမ် ၁၀၀ ကျော်ပျက်စီးသွားကြောင်း၊ ထိုသို့ နေအိမ်များ ပျက်စီးသော်လည်း သေကျေထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း နေရှင်းသတင်းစာက ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အင်ဒိုနီးရှား၌ ကြက်ငှက်တုပ်ကွေးကူးစက်

ဂျကာတာ ဧပြီ ၇

အင်ဒိုနီးရှားနိုင်ငံ၌ ၁၅ နှစ် အရွယ်မိန်းကလေးတစ်ဦး ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ခံရချိန်တွင် ယင်းနိုင်ငံ၌ ၉၃ ဦးမြောက် ဖြစ်လာကြောင်း၊ ယင်းတို့အနက် ၇၂ ဦးမှာ သေဆုံးခဲ့ပြီဖြစ်ကြောင်း အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီးဌာနက ဧပြီ၅ရက်က ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အမေဇုန်တောအတွင်း လေယာဉ်သုံးစင်း ပျက်ကျ

ရီယိုဒီဂျနေးရိုး ဧပြီ ၇

ဘရာဇီးနိုင်ငံ အမေဇုန်တောကြီးအတွင်း ဧပြီ ၄ရက်က လေတပ်လေယာဉ်သုံးစင်း ပျက်ကျသွားကြောင်း၊ ယင်းလေယာဉ်များသည် စစ်ရေးလေ့ကျင့်နေသော လေယာဉ်များဖြစ်ကြောင်း၊ ထိုသို့ ပျက်ကျရခြင်းမှာ ရုတ်တရက် ရာသီဥတုအပြောင်းအလဲနှင့် လေပြင်းတိုက်ခတ်မှုကြောင့်ဖြစ်ပြီး ယင်းဖြစ်စဉ်တွင် လေယာဉ်မှူးတစ်ဦးလည်း သေဆုံးခဲ့ကြောင်း ဘရာဇီးရဲတပ်ဖွဲ့က ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ အပြည်ပြည်ဆိုင်ရာ လှေပြပွဲ၌ ခင်းကျင်းပြသထားသော လှေများကို ဧပြီ ၆ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ပြည်ပမှ ပဲတင်သွင်းမှုလျှော့ချရန် အိန္ဒိယတွင် စိုက်ဧရိယာများ တိုးချဲ့မည်

နယူးဒေလီ ဧပြီ ၇

အိန္ဒိယနိုင်ငံအနေဖြင့် ပြည်ပမှ ပဲများတင်သွင်းမှုအပေါ် အားကိုးမှု လျှော့ချရန်နှင့် ဈေးနှုန်းကြီးမြင့်မှုကိုလည်း လျှော့ချရန် ရည်ရွယ်ချက်ဖြင့် ပြည်တွင်း၌ ပဲစိုက်ပျိုးမြေများ တိုးချဲ့ဆောင်ရွက်သွားရန် လိုအပ်သည်ဆိုသည့် အချက်ကို အိန္ဒိယအာဏာပိုင်များက လက်ခံသဘောတူခဲ့ကြသည်။

အိန္ဒိယနိုင်ငံသည် ပဲမျိုးစုံစိုက်ဧရိယာကို ဟက်တာနှစ်သန်း ထပ်မံတိုးမြှင့်စိုက်ပျိုးသွားရန် လိုအပ်မည်ဖြစ်ကြောင်း အိန္ဒိယလယ်ယာစိုက်ပျိုးရေးအတွင်းဝန် ပီကေမစ်ရှရာက ပြောကြားသည်။

အထွက်တိုးလာ

ထိုသို့ ပဲစိုက်ဧရိယာ တိုးချဲ့စိုက်ပျိုးနိုင်ပါက ပဲမျိုးစုံထွက်ရှိမှုသည် တန်ချိန် တစ်သန်းမှတစ်သန်းခွဲအထိ အထွက်တိုးလာမည်ဖြစ်ကြောင်းလည်း ၎င်းက ပြောကြားသည်။

လျှော့ချပေး

လောလောဆယ်တွင် အိန္ဒိယနိုင်ငံ၌ ပဲစိုက်ဧကဟက်တာ ၂၄ သန်းရှိနေသည်။ အိန္ဒိယနိုင်ငံသည် ၂၀၀၆ ခုနှစ်က ပြည်ပသို့ ပဲတင်ပို့မှုပိတ်ပင်ခဲ့သည့်အပြင် ပြည်ပမှပဲတင်သွင်းမှုအပေါ် သွင်းကုန်ခွန် ၁၀ရာခိုင်နှုန်းကိုလည်း လျှော့ချပေးခဲ့သည်။

အိန္ဒိယနိုင်ငံတွင်ပြည်တွင်းပဲထွက်ရှိမှုမှာ တစ်နှစ်လျှင် တန်ချိန် ၁၁သန်းမှ ၁၄သန်းအကြားရှိနေပြီး ပြည်တွင်းစားသုံးမှုမှာ ပဲတန်ချိန်၁၅သန်း အထိရှိလာကြောင်း ပီကေမစ်ရှရာက ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

တောင်အာဖရိက၌ ရဟတ်ယာဉ်တစ်စင်းပျက်ကျ

ဂျိုဟန်နစ္စဘတ် ဧပြီ ၇

တောင်အာဖရိကနိုင်ငံ ဂျိုဟန်နစ္စဘတ်မြို့မြောက်ပိုင်းတွင် ရဟတ်ယာဉ်တစ်စင်း ဧပြီ ၅ရက်က ပျက်ကျခဲ့မှုကြောင့် လူနှစ်ဦး သေဆုံးသွားကြောင်း သိရသည်။

သေဆုံး

အဆိုပါရဟတ်ယာဉ်သည် သစ်ပင်များနှင့် တိုက်မိပြီး နေအိမ်တစ်ခု၏ ဥယျာဉ်အတွင်းသို့ ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း တောင်အာဖရိကသတင်းဌာန ဆာပါက သတင်းထုတ်ပြန်သည်။ ရဟတ်ယာဉ်ပျက်ကျမှုကြောင့် လေယာဉ်မှူးနှင့် လေ့ကျင့်သူတစ်ဦးတို့ သေဆုံးခဲ့ပြီး အခြားသူများ ထိခိုက်ဒဏ်ရာမရရှိဟု ဆိုသည်။

စုံစမ်းစစ်ဆေး

ယခုကဲ့သို့ ရဟတ်ယာဉ်ပျက်ကျမှုမှာ စက်ပိုင်းဆိုင်ရာချွတ်ယွင်းမှုကြောင့်ဆိုသည့်အချက်ကို သေချာစွာ မပြောနိုင်ကြောင်း၊ စုံစမ်းစစ်ဆေးမှုပြုလုပ်လျက်ရှိကြောင်း ၎င်းသတင်း၌ ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ ရုပ်မြင်သံကြားဌာန၏ရှေ့တွင် ကားဗုံးပေါက်ကွဲသဖြင့် ကားတစ်စီး မီးလောင်ကျွမ်းနေသည်ကို ဧပြီ ၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

လော့စ်အိန်ဂျလိစ်၌ အိုးမဲ့အိမ်မဲ့များလာ

လော့စ်အိန်ဂျလိစ် ဧပြီ ၇

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့လယ်တွင် အိုးမဲ့အိမ်မဲ့ အရေအတွက် တိုးတက်များပြားလာကြောင်း လော့စ်အိန်ဂျလိစ်မြို့မှ ဧပြီ ၃ရက်၌ ထုတ်ပြန်သော တရားဝင်စာရင်းအင်းများက ဖော်ပြသည်။

ဖော်ပြ

ပြီးခဲ့သည့် သီတင်းနှစ်ပတ်က ကောက်ယူခဲ့သော လော့စ်အိန်ဂျလိစ် ရဲတပ်ဖွဲ့ဌာနနှင့် အခြားအဖွဲ့အစည်း နှစ်ခုတို့က ကောက်ယူခဲ့သောစာရင်းအရ အိုးမဲ့အိမ်မဲ့အရေအတွက်သည် ၇၀၀ခန့်ရှိခဲ့သည်ဟု ဖော်ပြသည်။

သို့သော်လည်း ရဲတပ်ဖွဲ့၏အသစ် ကောက်ယူသောစာရင်းအရ လော့စ်အိန်ဂျလိစ်မြို့တွင် အိုးမဲ့အိမ်မဲ့ အရေအတွက် ၉၂၁ဦး ရှိသည်ဟုဖော်ပြခဲ့ရာ အရေအတွက် တိုးတက်လာကြောင်းသိရသည်။

တိုးတက်လာ

ထိုသို့ အိုးမဲ့အိမ်မဲ့အရေအတွက် တိုးတက်လာခြင်းမှာ လော့စ်အိန်ဂျလိစ်၌ စီးပွားရေးနှင့် အခြားကိစ္စရပ်များတိုး တက်မှုရှိနေသော်လည်း ပြဿနာများကျန်ရှိနေသည်ကို ဖော်ပြနေကြောင်း လော့စ်အိန်ဂျလိစ် အရာရှိများက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပျဉ်းမနားမြို့နယ် အရှေ့ဘက်တောင်ပေါ်ကျေးရွာ စာကြည့်တိုက်များသို့ ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် စာအုပ်စာစောင်၊ ဂျာနယ်များ ပေးအပ်လှူဒါန်းပွဲကျင်းပ

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ဗဟို)က ပျဉ်းမနားမြို့နယ် အရှေ့ဘက်တောင်ပေါ်ကျေးရွာ စာကြည့်တိုက်များသို့ ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် စာအုပ်စာစောင်၊ ဂျာနယ်များ ပေးအပ်လှူဒါန်းပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နေပြည်တော် ဧပြီ ၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ဗဟို)က ပျဉ်းမနားမြို့နယ် အရှေ့ဘက်တောင်ပေါ်ကျေးရွာ စာကြည့်တိုက်များသို့ ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် စာအုပ်စာစောင်၊ ဂျာနယ်များပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ပျဉ်းမနားမြို့ မင်္ဂလာကန်တော်ခန်းမဥ္စကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းနှင့် ဗဟိုအလုပ်အမှုဆောင် ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ် သိန်းဆွေတို့ တက်ရောက်၍ အမှာစကားပြောကြားကြပြီး ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် စာအုပ်စာစောင်၊ ဂျာနယ်များပေးအပ်လှူဒါန်းကြသည်။

တက်ရောက်

အခမ်းအနားသို့ဌာနဆိုင်ရာအကြီးအကဲများ၊ ပျဉ်းမနားခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ပျဉ်းမနားခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်မောင်ဌွေးနှင့် အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပျဉ်းမနားမြို့နယ် အရှေ့ဘက်တောင်ပေါ်ကျေးရွာများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အလှူရှင်များနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။

ဆောင်ရွက်

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက အမှာစကား

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ဗဟို)က ပျဉ်းမနားမြို့နယ် အရှေ့ဘက်တောင်ပေါ်ကျေးရွာ စာကြည့်တိုက်များသို့ ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် စာအုပ်စာစောင်၊ ဂျာနယ်များ ပေးအပ်လှူဒါန်းပွဲတွင် ပျဉ်းမနားမြို့နယ် အရှေ့ဘက်ခြမ်း တောင်ပေါ်ကျေးရွာ စာကြည့်တိုက်များအတွက် ရုပ်မြင်သံကြားဖမ်းစက်နှင့် ရေဒီယိုများကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပြောကြားရာတွင် ယနေ့ မိမိတို့ နိုင်ငံ၏ လူငယ်လူရွယ်များအတွက် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန်နှင့် ပညာရည်မြင့်မားရန် အခွင့်အလမ်းများ အားလုံးပွင့်လင်းနေပြီး မိမိတို့သင်ယူလိုသည့် ပညာကိုအခြေခံပညာမှစ၍ မိမိတို့ ကျေးရွာအတွင်း၊ ကျေးရွာအုပ်စုအတွင်း၊ မြို့နယ်၊ ခရိုင်၊ ပြည်နယ်၊ တိုင်းအတွင်း လွယ်ကူစွာ တက်ရောက်သင်ကြားနိုင်ပြီဖြစ်ကြောင်း။

ထို့အပြင် ကျေးလက်နေပြည်သူများ စာဖတ်သည့် အလေ့အကျင့်ရရှိလာစေရေးနှင့် လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်လာရေးတို့အတွက် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ တည်ထောင်ပေးသည့် လုပ်ငန်းကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း။

ပူးပေါင်း

မိမိတို့နိုင်ငံတွင် ကျေးရွာပေါင်း ၆၁၉၄၉ ရွာရှိပြီး ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ပေါင်း ၅၄၇၀၇ တိုက် ဖွင့်လှစ်ပြီးဖြစ်ကြောင်း၊ ယင်းကဲ့သို့ ဖွင့်လှစ်နိုင်ခဲ့ခြင်းသည် နိုင်ငံတော်၏အား၊ ဒေသခံပြည်သူများ၏အား၊ စေတနာရှင် ပြည်သူလူထု၏အား စသည့် အားသုံးအားဖြင့် ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ရန်ပုံငွေနှင့် စာအုပ်စာတမ်းများကို ပံ့ပိုးပေးပြီးဒေသခံပြည်သူများနှင့်စေတနာရှင်ပြည်သူများက မိမိတို့ဒေသများတွင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်နိုင်အောင် စိတ်အားထက်သန်စွာ ပါဝင်ပူးပေါင်းဆောင်ရွက်ကြခြင်းကြောင့် အောင်မြင်လာရခြင်းဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် နိုင်ငံတော်၏ အမျိုးသားရေးတာဝန်ကို တစ်တပ်တစ်အား ပူးပေါင်းဆောင်ရွက်ကြခြင်းပင်ဖြစ်ကြောင်း။

အားလေးအား

ဖွင့်လှစ်ပြီး ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လုပ်ငန်းစဉ်ငါးရပ်ဖြစ်သည့် ကျေးလက်နေပြည်သူများ စာဖတ်လိုစိတ်ရှိ၍ စာဖတ်ကြစေအောင် စည်းရုံးဆောင်ရွက်သွားရေး၊ ရရှိပြီးစာစောင်များကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းရေးနှင့် စာအုပ်စာစောင်အသစ်များ တိုးပွားရရှိလာအောင် ငွေပဒေသာပင် စိုက်ထူဆောင်ရွက်ရေး၊ စာကြည့်တိုက်အဆောက်အအုံမရှိသေးသည့် ကျေးရွာများ၌ အဆောက်အအုံဖြစ်လာစေရန် ဆောင်ရွက်ရေး၊ စာကြည့်တိုက်များတွင် ပရိဘောဂများ စုံလင်စွာ ရှိလာစေရန်ဆောင်ရွက်ရေးနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက စာကြည့်တိုက် ထိန်းသိမ်းရာတွင် ကျွမ်းကျင်သည့် စာကြည့်တိုက်မှူးများ ရရှိလာစေရန် လေ့ကျင့်ပျိုးထောင်သွားရေးတို့ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းလုပ်ငန်းစဉ်များကို ဒေသဆိုင်ရာ အာဏာပိုင်များ၏အား၊ ကျေးရွာအလိုက် စာကြည့်တိုက် ကော်မတီဝင်များနှင့် ဒေသခံပြည်သူများ၏အား၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနှင့်အခြားလူမှုရေးအသင်းအဖွဲ့များ၏အား၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ၏အား ဟူသော အားလေးအားဖြင့်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အချုပ်အားဖြင့် မိမိတို့၏ ကျေးရွာ ဘုန်းတော်ကြီးကျောင်းများကို မိမိတို့ ကျေးရွာပြည်သူများက ကျောင်းဆောက်လုပ်လှူဒါန်းပြီး နေ့စဉ် ဆွမ်း၊ ကွမ်းမပြတ်ဆက်ကပ်လှူဒါန်းနေသကဲ့သို့ စာကြည့်တိုက်များကိုလည်း ကျေးရွာ၏ ဒုတိယဘုန်းတော်ကြီး ကျောင်းကဲ့သို့မှတ်ယူကာ ရေရှည်တည်တံ့ခိုင်မြဲပြီး ပိုမိုတိုးတက်လာအောင် ထိန်းသိမ်းစောင့်ရှောက်သွားရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက အမှာစကားပြောကြားရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကို ၁၉၉၃ခုနှစ် စက်တင်ဘာ၁၅ရက်တွင် စတင်ဖွဲ့စည်းခဲ့ရာ ယခုဆိုလျှင် အသင်းကြီး၏ သက်တမ်းသည်(၁၄)နှစ်ကာလထဲ ရောက်ရှိနေပြီဖြစ်ကြောင်း၊ စတင်ဖွဲ့စည်းစဉ် ကတည်းကပင် ဒို့တာဝန် အရေးသုံးပါးဖြစ်သည့် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် အမျိုးသားရေးမူဝါဒ လမ်းစဉ်သုံးရပ်ကို အသင်း၏ရည်ရွယ်ချက်ငါးရပ်ထဲတွင် ဦးစွာထည့်သွင်းဖော်ပြထားသကဲ့သို့ အသင်းကြီး၏ အန္တိမရည်မှန်းချက်သည်လည်း နိုင်ငံတော်ကြီးတစ်ရပ်လုံး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ရေးဆိုသည့် ရည်မှန်းချက်ပင်ဖြစ်ကြောင်း။

ယနေ့ကျင်းပသည့် အခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးက ပျဉ်းမနားမြို့ အရှေ့ဘက်တောင်ပေါ်ကျေးရွာ ၂၀ ၌ ကျေးလက်စာကြည့်တိုက် အဆောက်အအုံများကို တည်ဆောက်ပေးခဲ့သည့်အပြင် စာကြည့်တိုက်များအတွက် ရုပ်မြင်သံကြားစက်၊ ရေဒီယိုနှင့် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း။

ရရှိနေ

ထို့အပြင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး အနေဖြင့် ပျဉ်းမနား အရှေ့ဘက်တောင်ပေါ်ကျေးရွာ ၂၃ ရွာကိုလည်း မီးလင်းရေးအတွက် ရေအားလျှပ်စစ်များ တည်ဆောက်ပေးနိုင်ခဲ့ပြီဖြစ်၍ တောင်ပေါ်ကျေးရွာများလည်း လျှပ်စစ်မီးများ ရရှိနေကြပြီ ဖြစ်ကြောင်း။

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပျဉ်းမနားမြို့နယ် အရှေ့ဘက်ခြမ်း တောင်ပေါ်ကျေးရွာများဖြစ်သော ဘန့်ဘားကျေးရွာအုပ်စု၊ သစ်တွန်ကျေးရွာ အုပ်စုနှင့် ဆင်သော့/ကျောက်သံပတ်ကျေးရွာအုပ်စု စာကြည့်တိုက်များအတွက် ရုပ်မြင်သံကြားဖမ်းစက်နှင့် ရေဒီယိုများကို ပေးအပ်လှူဒါန်းရာ ဘန့်ဘားကျေးရွာအုပ်စုမှ ဦးအောင်မင်းလွင်၊ သစ်တွန်ကျေးရွာအုပ်စုမှ ဦးကျော်စိန်နှင့် ဆင်သော့/ ကျောက်သံပတ်ကျေးရွာအုပ်စုမှ ဦးစောဟဲမူတို့က အသီးသီး လက်ခံကြသည်။

ပေးအပ်

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက မဲပေါက် ကျေးရွာအုပ်စု၊ သစ်တွန်ကျေးရွာ အုပ်စုနှင့် ပြည်စံအောင် စံပြကျေးရွာတို့အတွက် ရုပ်မြင်သံကြားဖမ်းစက်နှင့် ရေဒီယိုများကို ပေးအပ်လှူဒါန်းရာ မဲပေါက်ကျေးရွာအုပ်စုမှ ဦးမင်းစိန်၊ သစ်တွန်ကျေးရွာအုပ်စုမှ ဦးမောင်အေးနှင့် ပြည်စံအောင် စံပြကျေးရွာမှ ဦးအောင်ငွေတို့က အသီးသီး လက်ခံကြသည်။

လက်ခံ

ထို့နောက် တောင်ပေါ်ကျေးရွာ စာကြည့်တိုက်များသို့ စာအုပ်စာစောင်နှင့် ဂျာနယ်များကို ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်နှင့် ပျဉ်းမနားခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်မောင်ဌွေးတို့က ပေးအပ်လှူဒါန်းကြရာ မဲပေါက်ကျေးရွာအုပ်စုမှ ဦးမြအောင်၊ ဦးကျော်ရဲနိုင်၊ သစ်တွန်ကျေးရွာအုပ်စုမှ ဦးမောင်ဘနှင့် ဦးအောင်နိုင်ဦးတို့က အသီးသီး လက်ခံကြသည်။

ယင်းနောက် ပျဉ်းမနားမြို့နယ် ပြည် ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ စေတနာရှင် မြို့မိမြို့ဖ ဦးသိန်းထွေး(နန်းစိန်မုန့်တိုက်)မိသားစုက ငွေကျပ်နှစ်သိန်းကျော် တန်ဖိုးရှိ ပရင်တာတစ်လုံးကို ပေးအပ်လှူဒါန်းရာ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးမြင့်ကျော်က လက်ခံသည်။

ထို့နောက် တောင်ပေါ်ကျေးရွာအုပ်စုများ၏ ပြည်သူများကိုယ်စား ဒေသခံကရင်တိုင်းရင်းသား ဦးစောထူးမြင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနား အပြီးတွင် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် အခမ်းအနားတက်ရောက်လာကြသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ယနေ့ အခမ်းအနားတွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ဗဟို)က ပျဉ်းမနားမြို့နယ် အရှေ့ဘက်ခြမ်း တောင်ပေါ်ကျေးရွာ စာကြည့်တိုက်များသို့ ရုပ်မြင်သံကြားစက်အလုံး၂၀၊ ရေဒီယိုအလုံး၂၀နှင့် စာအုပ်၊စာစောင်ဂျာနယ်များ စုစုပေါင်း ၃၂၅၀တို့ကို လှူဒါန်းကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာဟူသည်

* မြန်မာဟူသည်
ပျူငှာယဉ်ကျေး၊ အနေအေး၏။
* မြန်မာဟူသည်
ကူညီဖေးမ၊ ရိုင်းပင်းကြ၏။
* မြန်မာဟူသည်
အမူအကျင့်၊ သိက္ခာမြင့်၏။
* မြန်မာဟူသည်
အယူအဆ၊ သိမ်မွေ့လှ၏။
* မြန်မာဟူသည်
ဖြူစင်သီလ၊ စောင့်ထိန်းကြ၏။
* မြန်မာဟူသည်
လူရေးလူမှု၊ ကောင်းကျိုးပြု၏။
* မြန်မာဟူသည်
နီသည့်ရဲသွေး၊ မွေးသည့်မျိုးမာန်
မြန်သည့်အစွမ်း၊ လွမ်းသည့်မေတ္တာ
မာသည့်စိတ်ဓာတ်၊ မြတ်သည့်ဂုဏ်ရည်
ကြည်သည့်စကား၊ တည်သည့်အားဝယ်
အမှားမခင်၊ တရားမင်သည့်
ဘုန်းရှင်ပီသ နှလုံးလှ။
ဇာတိပုည ထင်ရှားလှ။ ။

ရေနံ့သာမောင်ကျော်ညွန့်

မျှော်စင်ကျွန်းမှ စိန်ခေါ်သံ(၃) မြန်မာ့လက်ဝှေ့ ပရိသတ်များ တစ်ခဲနက် အားပေးမှုနှင့် ယှဉ်ပြိုင်မှုအား ဤသို့ တွေ့ရသည်။

(ဓာတ်ပုံ-တင်စိုး မြန်မာ့အလင်း)

မျှော်စင်ကျွန်းမှစိန်ခေါ်သံ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ လုံးချောက စောငမန်းကို အလဲထိုးဖြင့်အနိုင်ရရှိ

သတင်းမြင်ကွင်း - ကိုထွေး၊ ဓာတ်ပုံ - တင်စိုးနှင့် သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၇

မြန်မာ့ရိုးရာ လက်ဝှေ့အဖွဲ့ချုပ်ကကြီးမှူး၍ T & T Group က တာဝန်ယူကျင်းပသော မျှော်စင်ကျွန်းမှ စိန်ခေါ်သံ (၃) မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲကို ယနေ့ညနေ ၅နာရီက ရန်ကုန်မြို့ ကန်တော်ကြီး ကရဝိက်ဥယျာဉ် (မျှော်စင်ကျွန်း)၌ ကျင်းပရာ လက်ရှိ ရွှေခါးပတ်ချန်ပီယံ လုံးချော(ညောင်တုန်း)က စိန်ခေါ်သူ စောငမန်း(ဘားအံ)ကို ဒုတိယအချီ၌ အလဲထိုးဖြင့် အနိုင်ရရှိပြီး ချန်ပီယံဘွဲ့ကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့သည်။

လက်ရှိ ရွှေခါးပတ် ချန်ပီယံ လုံးချော(ညောင်တုန်း)နှင့် စိန်ခေါ်သူ စောငမန်း(ဘားအံ) တို့သည် ငါးကြိမ် ဆုံတွေ့ခဲ့ရာ တစ်ပွဲနိုင်၊ တစ်ပွဲရှုံး၊ သုံးပွဲ သရေကျထား၍အမှတ်တူ အနေအထား ရှိနေရာ ယခုပွဲစဉ်၌ မြန်မာပြည်၏ အလွတ်တန်း ချန်ပီယံမည်သူဖြစ်မည်ကို ရိုးရာလက်ဝှေ့ ပရိသတ်များ စိတ်ဝင်တစား စောင့်ကြည့်ခဲ့ကြသည်။

လုံးချောနှင့်စောငမန်းတို့၏ ပွဲမစမီမှာပင် ပရိသတ်များက ဆုတော်ငွေများချီးမြှင့်ခဲ့ကြရာ လက်ခုပ်သံ မြိုင်ခဲ့ရသည်။ ပွဲစသည်နှင့် လုံးချောက ဒူးတိုက်ရန် ကြိုးစားရာ စောငမန်းက သူပိုင်နိုင်သော ချုပ်သိုင်းဖြင့် ပွဲထွက်လာသည်။ လုံးချောက ကျားချောင်းချောင်းကြီး အမေပြောတဲ့ အမောပြေဆိုသကဲ့သို့ တစ်လုံးဆိုတစ်လုံး၊ တစ်ချက်ဆို တစ်ချက် ပွဲသိမ်းရန် ကြိုးစားသကဲ့သို့ စောငမန်းကလည်း လက်သီးကို ဒူးဖြင့်တွဲ၍လွှတ်သည်။ ပထမအချီတွင် လက်ရည်မကွာလှဘဲ ပြီးသွားသည်။

ဒုတိယအချီတွင် စောငမန်း ဖွင့်တိုက်လာ၍ ပွဲကောင်းကြည့်ကြရသည်။ စောငမန်းလက်သီးအားပြုပြီး လိုက်ထိုးရာ လုံးချော အငိုက်မိပြီး ခံလိုက်ရသည်။ လုံးချောက ခြေကန်ချက်ကို မရပ်မနား အသုံးပြုရာ စောငမန်း အရှောင်ကောင်း၍ သက်သာခဲ့ရသည်။ နှစ်ဦးသားလုံးရင်း ထွေးရင်း ရင်ဆိုင်ယှဉ်ပြိုင်ထိုးရာ လူချင်းအခွာ၌ စောငမန်း ကြမ်းပြင်ပေါ် မှောက်လျက်သား ဖြစ်သွားသည်။ လုံးချောက ပညာမခေသူပီပီ စောငမန်းက ပူးချုပ်ရန်ကြိုးစားပြီး အခြေအနေမပေး၍ ရှောင်ထွက်စဉ် ဘယ်ခြေဖြင့် ဖြတ်ကန်၍ အရှိက်ထိသွားခြင်းဖြစ်သည်။

ချန်ပီယံဘွဲ့ဆက်ထိန်းနိုင်

စောငမန်း၏ အကူလူများက အနားတောင်းပြီး ရေကူသော်လည်း ဆက်မထိုးနိုင်တော့၍ ဒုတိယအချီ ၂မိနစ် စက္ကန့်၃၀တွင် လုံးချောက အလဲထိုးဖြင့်အနိုင်ရရှိပြီး ချန်ပီယံဘွဲ့ကို ဆက်ထိန်းနိုင်ခဲ့ခြင်းဖြစ်သည်။



စောငမန်း(ဘားအံ) အား ဒုတိယအချီ၌ အလဲထိုးဖြင့် အနိုင်ရရှိသွားသော ရွှေခါးပတ် ချန်ပီယံ လုံးချော (ညောင်တုန်း)၏ ပွဲအပြီး အောင်ပွဲခံ ဟန်ရေးပြမှုအား ဤသို့ တွေ့ရသည်။

ဓာတ်ပုံ- သိန်းဝင်းလေး- (မြန်မာ့အလင်း)

ငါးချီသရေ

ဂျပန်ပြန်စောဖွဲလေး(ထားဝယ်)နှင့် စိန်ခေါ်သူမိုက်ခဲ(မြဝတီ)တို့၏ ပွဲစဉ်တွင် စောဖွဲလေး အသာစီးမှ ထိုးသတ်နိုင်သော်လည်း ငါးချီသရေပွဲဖြင့် အဆုံးသတ်ခဲ့ရသည်။ မိုက်ခဲ(မြဝတီ) က အတွေ့အကြုံများသူပီပီ စောဖွဲလေး၏ အားပါသော လက်သီးများကို ချက်ကောင်းမထိအောင် ရှောင်တိမ်းပြီး တန်ပြန် တိုက်စစ်ဆင်နိုင်ခဲ့သည်။

ပြည်နယ်နှင့်တိုင်း ငွေတံဆိပ်ဆုရ သိုးကောင်း (မြန်မာပြည်သား)နှင့် စိန်ခေါ်သူဇော်ဇော်လေး (ကျွဲမင်း/မြဝတီ)တို့ပွဲတွင် သိုးကောင်း (မြန်မာပြည်သား)က ပဉ္စမအချီ၁၅စက္ကန့်၌ အလဲထိုးဖြင့် အနိုင်ရရှိသည်။

ဝမ်ရှိ(မထိလာ)နှင့် ရှုမဝ(ဘားအံ) တို့သည် ပြီးခဲ့သည့် တွံတေးရွှေဆံတော်ပွဲ၌ သရေကျခဲ့ရာ ယခုပွဲစဉ်၌လည်း သရေနှင့်ပွဲသိမ်းခဲ့သည်။

နဂါးလေး(တနင်္သာရီ)နှင့် မုန်တိုင်း (ကျွဲမင်း/မြဝတီ)တို့ပွဲစဉ်၌ ငါးချီ သရေပွဲဖြစ်သွားသည်။ မိုးသီး(မြန်မာပြည်သား)နှင့် ခိုင်လင်း (မြဝတီ/ကျွဲမင်း)တို့ပွဲစဉ်မှာလည်း ငါးချီသရေနှင့် အဆုံးသတ်သွားသည်။

သရေပွဲ

ရဲမြတ်အောင် (K.L.N)နှင့် သိုးထိန်း (မြန်မာပြည်သား) တို့၏ လေးချီစိန်ခေါ်ပွဲမှာလည်း သရေပွဲဖြစ်သွားသည်။ ကြယ်လေး(မြန်မာပြည်သား)နှင့် ဖိုးခွားလေး(ရွှေလက်ရာ)တို့၏ ငါးချီစိန်ခေါ်ပွဲတွင်လည်း သရေပွဲဖြစ်သွားခဲ့သည်။

မျှော်စင်ကျွန်းမှ စိန်ခေါ်သံ(၃) မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲသည် သရေပွဲများပြီး အလဲထိုးပွဲနည်း၍ ပရိသတ်ထင်သလောက် အားမရသော်လည်း လုံးချော(ညောင်တုန်း)က စောငမန်း(ဘားအံ)ကို အနိုင်ဖြင့် ပွဲသိမ်းခဲ့ရာ ချန်ပီယံအဖြေထွက်ခဲ့ကြောင်း ဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

အဆင့်မြင့်တန်းကွင်းပိတ်(ရှုံးထွက်)ဘောလုံးပြိုင်ပွဲ စီးပွား/ကူးသန်းနှင့် စွမ်းအင် ယနေ့ ဗိုလ်လုမည်

သတင်းဆောင်းပါး – ကိုထွေး

ရန်ကုန် ဧပြီ ၇

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၆-၂၀၀၇ ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်းကွင်းပိတ်(ရှုံးထွက်)ဘောလုံးပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲစဉ်ကို ဧပြီ ၈ ရက်(ယနေ့)**ညနေ ၃နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပမည်ဖြစ်ရာ စီးပွား/ကူးသန်းအသင်းနှင့် စွမ်းအင်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။**

၂၀၀၆-၂၀၀၇ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်းကွင်းပိတ်(ရှုံးထွက်) ဘောလုံးပြိုင်ပွဲ ပထမအဆင့်ရှုံးထွက်ပွဲစဉ်များကို မတ် ၁၄ ရက်က စတင်ကျင်းပရာ ၁၅ သင်း ပါဝင်ယှဉ်ပြိုင် ခဲ့ကြသည်။

ယှဉ်ပြိုင်ကစား

ကွာတားဖိုင်နယ်ပွဲစဉ်များကို မတ် ၂၂ရက်မှ ၂၆ရက်အထိယှဉ်ပြိုင်ကစားခဲ့ကြရာ စီးပွား/ကူးသန်းအသင်းက ကမ္ဘောဇအသင်းကို သုံးဂိုး-ဂိုးမရှိ၊ လယ်ယာ/ဆည်မြောင်းအသင်းက မြို့တော်စည်ပင်အသင်းကို ငါးဂိုး-တစ်ဂိုး (ပယ်နယ်တီ)၊ စွမ်းအင်အသင်းက ဘဏ္ဍာ/အခွန်အသင်းကို လေးဂိုး-သုံးဂိုး(ပယ်နယ်တီ)၊ သစ်တောရေးရာအသင်းက ပို့ဆောင်ရေးအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အသီးသီးအနိုင်ရရှိခဲ့ကြသည်။

အကြိုဗိုလ်လုပွဲစဉ်များကို မတ် ၃၀ရက်နှင့်၃၁ရက်တို့တွင် ယှဉ်ပြိုင် ကစားခဲ့ကြရာ စီးပွား/ကူးသန်းအသင်းက လယ်ယာ/ဆည်မြောင်းအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ စွမ်းအင်အသင်းက သစ်တောရေးရာအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ချန်ပီယံခြေစွမ်း

အမှတ်ပေးပြိုင်ပွဲတွင် တတိယရရှိ ခဲ့သော စီးပွား/ကူးသန်းအသင်းသည် အမှတ်ပေးပြိုင်ပွဲ တွင် ဒုတိယရရှိခဲ့သော ကမ္ဘောဇအသင်းကို သုံးဂိုးပြတ် အနိုင်ရရှိရာ ချန်ပီယံခြေစွမ်းပြသနိုင်ခဲ့သည်။ ကွင်းပိတ်ပြိုင်ပွဲလက်ရှိ ချန်ပီယံစွမ်းအင်အသင်းသည် အမှတ်ပေးချန်ပီယံ ဘဏ္ဍာ/အခွန်ကို ပယ်နယ်တီအဆုံးအဖြတ်တွင် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်လှမ်းလာခြင်းဖြစ်ရာ ချန်ပီယံဘွဲ့ကို ဆက်လက်ထိန်းသိမ်းနိုင်စွမ်းရှိကြောင်း ပြသနိုင်ခဲ့သည်။

စီးပွား/ကူးသန်းအသင်းသည် သုံးပွဲကစားရာတွင် ခုနစ်ဂိုး သွင်းယူနိုင်ပြီး ပေးဂိုးမရှိခဲ့ချေ။ စွမ်းအင်အသင်းက သုံးပွဲကစားရာတွင် ပွဲချိန်ပြင်ပ ပယ်နယ်တီဂိုးများမပါ ခြောက်ဂိုးသွင်းယူနိုင်ပြီး နှစ်ဂိုး အသွင်းခံခဲ့ရသည်။ ကစားသမား စုဖွဲ့ပါဝင်မှုကို ကြည့်လျှင် နှစ်သင်းစလုံး၌ လက်ရွေးစင်ကစားသမားများ ပါဝင်နေ၍ မကွာလှချေ။ သို့သော် ပွဲစဉ် တစ်လျှောက်ခြေစွမ်း တည်ငြိမ်မှုကိုကြည့်လျှင် စွမ်းအင်အသင်းက ပို၍ခြေမှန်သည်ဟု ဆိုနိုင်သည်။

ပါဝင်ကြ

စီးပွား/ကူးသန်းဘောလုံးအသင်းတွင် အုပ်ချုပ်သူအဖြစ် ဦးမြင့်သိန်း၊ နည်းပြအဖြစ် ဦးဉာဏ်ဝင်းတို့က တာဝန်ယူဆောင်ရွက်ပြီး အားကစားသမားများအဖြစ် သီဟစည်သူ(ဂိုး)၊ ဇော်မိုးထက်(ဂိုး)၊ မင်းသူ(အသင်းခေါင်းဆောင်)၊ ဇော်လင်းထွန်း၊ မျိုးဇော်ထွန်း၊ အောင်မျိုးသန့်၊ မျိုးလှိုင်ဦး၊ မျိုးမင်းထွန်း၊ မိုးဝင်း၊ မင်းကိုကို၊ ရာဇာဝင်းသိန်း၊ ဘိုဘိုအောင်၊ အောင်ရဲထွဋ်၊ ဟိန်းဇာထွန်း၊ ကျော်ဇင်ဝင်း၊ ဝင်းသိန်းဦး၊ ချမ်းချမ်း၊ ဇော်ခါး၊ မန်းကျော်ထူး၊ ကျော်ကျော်ထွန်းတို့ ပါဝင်ကြသည်။

စွမ်းအင်ဘောလုံးအသင်းတွင် အုပ်ချုပ်သူအဖြစ် ဦးမြတ်စိုး၊ နည်းပြအဖြစ် ဦးမျိုးဝင်းတို့က တာဝန်ယူဆောင်ရွက်ပြီး အားကစားသမားများအဖြစ် ကျော်မင်းလှိုင် (ဂိုး)၊ ထင်အောင်(ဂိုး)၊ ဇော်ထက်အောင်(အသင်းခေါင်းဆောင်)၊ အောင်ကျော်မိုး၊ ကြည်အောင်၊ မင်းမင်းထွန်း၊ ကျော်ခိုင်ဝင်း၊ နိုင်ဝင်း၊ ဉာဏ်ထွန်းအောင်၊ စိုင်းသန်းအောင်၊ အောင်ကျော်မျိုး၊ ကိုကိုမောင်၊ မျိုးဇော်ဦး၊ ဝေယံမောင်၊ စည်သူအောင်၊ နိုင်လင်းထွန်း၊ အောင်ဆန်းဦး၊ ကျော်ဆန်းဝင်းတို့ ပါဝင်ကြသည်။

၂၀၀၆-၂၀၀၇ ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်း ကွင်းပိတ် (ရှုံးထွက်) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအပြီးတွင် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပမည် ဖြစ်သည်။

ရွှေဖိနပ်ဆု

ငွေသားဆုများချီးမြှင့်မည်ဖြစ်ရာ အမှတ်ပေးပြိုင်ပွဲ ပထမဆုငွေကျပ်သိန်း ၅၀၊ ဒုတိယဆု ငွေကျပ်သိန်း ၃၀၊ တတိယဆု ငွေကျပ်သိန်း ၂၀၊ စတုတ္ထဆု ငွေကျပ် ၁၀သိန်း၊ ပဉ္စမဆု ငွေကျပ် ငါးသိန်း၊ ကွင်းပတ် (ရှုံးထွက်) ပြိုင်ပွဲ ပထမဆုငွေကျပ် သိန်း ၃၀၊ ဒုတယဆု ငွေကျပ်သိန်း ၂၀၊ ဘောလုံး ရာသီတစ်ခုလုံးအတွက် အကောင်းဆုံးဘောလုံးသမားဆု (ရွှေဘောလုံးဆု) ငွေကျပ် ငါးသိန်း၊ ဒုတိယအကောင်းဆုံးဘောလုံးသမားဆု (ငွေဘောလုံးဆု) ငွေကျပ်သုံးသိန်း၊ ဘောလုံးရာသီတစ် ခုလုံးအတွက် ဂိုးအများဆုံးသွင်းသူဆု (ရွှေဖိနပ်ဆု) ငွေကျပ်ငါးသိန်း၊ ဒုတိယ ဂိုးအများဆုံး သွင်းသူဆု(ငွေဖိနပ်ဆု) ငွေကျပ်သုံးသိန်းတို့ဖြစ်သည်။

ဆွတ်ခူးဖွယ်

ဘဏ္ဍာ/အခွန်အသင်းမှ စိုးမြတ်မင်းနှင့် စွမ်းအင်အသင်းမှ အောင်ကျော်မျိုးတို့သည် လက်ရှိ အနေအထားတွင် ဂိုးအများဆုံးသွင်းထားကြရာ ရွှေဖိနပ်ဆုနှင့် ငွေဖိနပ်ဆုကို ၎င်းတို့နှစ်ဦးသာလျှင် ဆွတ်ခူးနိုင်ဖွယ်ရှိကြောင်း ကြိုတင် သတင်းစကားပါး ရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ချယ်လ်ဆီးအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးသွင်းပြီး အောင်ပွဲခံနေသော ကာဗယ်ဟို။

(ဓာတ်ပုံ-အင်တာနက်)

ချယ်လ်ဆီးနိုင်၊ မန်ယူရှုံး သုံးမှတ်သာကွာတော့

သတင်းမြင်ကွင်း-မြင့်စိုး

လန်ဒန် ဧပြီ ၇

ပရီမီယာလိဂ်ပွဲစဉ်(၃၂) ပြိုင်ပွဲများကို ဧပြီ ၇ ရက်က ယှဉ်ပြိုင်ကစားခဲ့ကြရာ ချယ်လ်ဆီးက တော့တင်ဟမ်အသင်းကို အဝေးကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရပြီး မန်ယူတို့ ပို့စ်မောက်ကို ရှုံးသွား၍ အမှတ်ကွာခြားချက် သုံးမှတ်သာရှိတော့သည်။

ချယ်လ်ဆီးအသင်း၏ တစ်လုံးတည်းသော အနိုင်ဂိုးကို နောက်တန်းကစားသမား ကာဗယ်ဟိုက ပွဲချိန် ၅၂ မိနစ်တွင် သွင်းယူသွားခဲ့ခြင်းဖြစ်သည်။ ၎င်းသည် ယင်းဂိုးကို ကိုက် ၃၀ အကွာမှ သွင်းယူခဲ့ရာ တော့တင်ဟမ် ဂိုးသမား ရော်ဘင်ဆင်ကိုကျော်လျက် အရှိန်ဖြင့် ပြေးဝင်သွားခဲ့သည်။

လမ်းပတ်ကန်သွင်းသော ဘောလုံးကို တော့တင်ဟမ်အနောက်တန်းလူ ဒေါ်ဆင် ဖျက်ထုတ်နိုင်ခဲ့သလို ကာလူး ၁၂ ကိုက်အကွာမှ သွင်းယူသည့် ဘောလုံးမှာလည်း ဂိုးသွင်းမသေချာ၍ အချည်းအနှီးဖြစ်သွားခဲ့ရသည်။

စပါးအသင်း တိုက်စစ်မှူးများဖြစ်ကြသည့် မီဒိုနှင့် ဘာဘာတော့ဗ်တို့ အကောင်းဆုံးခေါင်းတိုက်ဂိုးများ သွင်းခဲ့သော်လည်း ချယ်လ်ဆီးဂိုးသမား ပီတာဆက်ချ် ပုတ်ထုတ်ကာကွယ်လိုက်နိုင်သည်။

အခြားပွဲစဉ်များရလဒ်

အာဆင်နယ်	**၀-၁**	**ဝက်စ်ဟမ်း**
ဘလက်ဘန်း	**၁-၂**	**အက်စ်တွန်ဗီလာ**
မက်ဒယ်ဘရော့	**၄-၁**	**ဝက်ဖို့ဒ်**
ရက်ဒင်း	**၁-၂**	**လီဗာပူး**
ရှက်ဖီး	**၁-၂**	**နယူးကာဆယ်**
ဝီဂန်	**၁-၃**	**ဘော်လ်တန်**
ပို့စ်မောက်	**၂-၁**	**မန်ယူ**

KMD Computer Centre
LCCI Accounting Course
Level I + II (Book-keeping & Accounts)
Level III (Group Diploma)
LCCI Level I + II
28 April, 2007 (Sat - Sun) 7:30 to 10:30
LCCI Level III
3 June, 2007 (Sat - Sun) 9:00 to 3:30
Duration (5) Months

ပဋ္ဌာန်းဒေသနာတော်သင်တန်း

ရန်ကုန် ဧပြီ ၇

ရန်ကုန်မြို့ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ ဩဝါဒါစရိယ ဆရာတော် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ်၏ ဒုတိယ ပါမောက္ခချုပ်ဒေါက်တာ အရှင်ကုမာရာဘိဝံသ (ဗန်းမော်ဆရာတော်)က ပဋ္ဌာန်းဒေသနာတော် သင်တန်းကို ဧပြီ၂၃ရက်မှ စတင်၍ (ဥပုသ်နေ့မှအပ)နေ့စဉ် ညနေ ၃နာရီမှ၄နာရီအထိ အမှတ် ၄၉-၅၁ ဗဟန်းလမ်းမကြီး (ဗဟန်း ၃လမ်း မှတ်တိုင်အနီး) အဘိဓမ္မာ ရတနာဃရ ဓမ္မဗိမာန်ကြီးတွင် ဓမ္မဒါန ပို့ချမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

စက်ပစ္စည်းများ အကြီးစားပြုပြင်မွမ်းမံရန်နှင့် စက်ပစ္စည်းဝယ်ယူရန် ချိပ်ပိတ်တင်ဒါ ခေါ်ယူခြင်း

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ မြန်မာ့အထည်အလိပ်လုပ်ငန်း လက်အောက်ရှိ အထည်နှင့်ဆေးဆိုးပန်းရိုက်စက်ရုံ(ရမည်းသင်း)အတွက် အောက်ပါစက်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် အကြီးစားပြုပြင်မွမ်းမံရန်နှင့် ဝယ်ယူရန်အတွက် ချိပ်ပိတ်တင်ဒါ ခေါ်ယူပါသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	Renovation of Weaving Looms	1 Lot
၂။	Renovation of Pirn Winder(6 Nos)	1 Lot
၃။	Renovation of Warper(1 No)	1 Lot
၄။	Renovation of Singeing and Desizing Machine(1 No)	1 Lot
၅။	Renovation of Shellmax FO Boiler(3 Tons/Hr)	2 Nos
၆။	(က) Pick Counter Meter For Weaving Machine	400 Nos
	(ခ) Left & Right(Tappet Shaft F 42 mm)	
၇။	Yarn Beam(1600 mm - 2000 mm)	20 Nos
၈။	Pallet Truck(Hydraulic 3 Ton)	2 Nos
၉။	Refrigerator(2 Doors)	2 Nos
၁၀။	Cordless Radio Telephone (Hand Set)	2 Sets
၁၁။	Fax Machine	1 No
၁၂။	(က) Fire Extinguisher(Powder Type) 2 kg	30 Nos
	(ခ) Fire Extinguisher(Powder Type) 5 kg	40 Nos

၂။ တင်ဒါဝယ်ယူမည့်နေရာ - အထည်နှင့်ဆေးဆိုးပန်းရိုက်စက်ရုံ(ရမည်းသင်း)၊ရမည်းသင်းမြို့နယ်၊မန္တလေးတိုင်း
၃။ တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၆-၄-၂၀၀၇ (၁၆း၀၀)နာရီ
မှတ်ချက်။ ။ အသေးစိတ်အကြောင်းအရာများကို တယ်လီဖုန်းအမှတ် ၀၆၄-၄၀၃၀၈၊ ၀၆၄-၄၀၃၁၀တို့သို့ ရုံးချိန်အတွင်း စီမံရေးဌာနတွင် စုံစမ်းနိုင်ပါသည်။

မြန်မာမဟာသင်္ကြန်အကြို

၄-၄-၂၀၀၇ **"ရဲ+မြ"** ရတနာရွှေဆိုင်နှင့်စတိုးဖွင့်ပွဲအတွက်
ဝိုင်းဝန်းကူညီကြပါသော သူငယ်ချင်းအပေါင်းအသင်း
ဆွေမျိုးမိတ်သင်္ဂဟအားလုံးအား
အထူးကျေးဇူးတင်ရှိပါကြောင်းနှင့်
ဖိတ်စာမပို့ဖြစ်သူများအား ခွင့်လွှတ်ပါရန်
ရှိသေလေးစားစွာ ပန်ကြားတောင်းပန်အပ်ပါသည်။
ဝယ်ယူအားပေးသူများလည်း ကျေးဇူးအထူးတင်ရှိပါကြောင်း။

ရဲ+မြ
ဂေဟာ
မိသားစု
သာယာဝတီမြို့နယ်၊သုံးဆယ်မြို့။

အင်တာနက် အားကစားသတင်း အတိုအထွာ

◆ အာဆင်နယ်အသင်းမှ ဖလာမီနီသည် အသင်းတွင် ပထမနေရာ ကစားခွင့်မရသဖြင့် ရာသီအကုန်တွင် ထွက်ခွာလိမ့်မည်ဖြစ်ကြောင်း နည်းပြအာစင်ဝင်းဂါးက ပြောကြားသည်။

◆ **ဧပြီ ၁၄ရက်တွင် ကစားမည့် အက်ဖ်အေဖလား အကြိုဗိုလ်လုပွဲကို ဝက်ဖို့ဒ်နှင့်မန်ယူတို့ ဗီလာပတ်၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သကဲ့သို့ ဘလက်ဘန်းနှင့် ချယ်လ်ဆီးတို့သည် မန်ယူ၏ အိုးထရက်ဖို့ဒ်၌ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။**

◆ ပို့စ်မောက်အသင်းမှ ကင်မရွန်း နောက်တန်းကစားသမား လောရင့်က ယင်းတို့၏ အသင်းသည် လာမည့် ၂၀၀၈ခုနှစ်တွင် ယူအီးအက်ဖ်အေ နေရာ ရနိုင်ကြောင်း ပြောကြားလိုက်သည်။

◆ **ဘာရာဇီးတိုက်စစ်မှူးဟောင်း ဗတ်စကိုဒဂါးမား ကစားသမား ရိုမာရီယိုသည် မတ် ၂၅ရက်က ပြိုင်ဘက် ဖလာမင်ဂိုအသင်းကို ၉၉၉ဂိုးမြောက် သွင်းယူပြီးနောက် ၁၀၀၀မြောက်ဂိုး မသွင်းယူနိုင်သေးသဖြင့် ပရိသတ်များက မချင့်မရဲ ဖြစ်နေကြသည်ဟု ဆိုသည်။**

◆ ဘာရာဇီးမှ ဘာစီလိုနာကစားသမား ရော်နယ်ဒင်ဟိုသည် နေမကောင်း ဖြစ်ခဲ့ရာမှ လေ့ကျင့်ရေးကွင်းသို့ ပြန်ဆင်းနိုင်ပြီဖြစ်ကြောင်း ၎င်းကလပ်က ပြောကြားသည်။

◆ **ကမ္ဘာ့လက်ဝှေ့ကောင်စီ၏ ဟဲဗီးဝိတ်ချန်ပီယံဟောင်း ဗီတာလီကလစ် ရှက်ကိုသည် ၎င်း၏ချန်ပီယံဆုကို ပြန်လည်ရယူရန် လာမည့်ဇွန်လ၌ ရုရှားလက်ဝှေ့သမား အိုလက်မက်ကေ့ဗ်နှင့် ယှဉ်ပြိုင်ထိုးသတ်မည် ဖြစ်ကြောင်း ပြောကြားလိုက်သည်။**

◆ ဗြိတိသျှလက်ဝှေ့သမား ရစ်ကီဟက်တန်သည် ကမ္ဘာ့လိုက်ဝိတ်ချန်ပီယံ ဂျိုးလူရစ်ကတ်စတီလိုနှင့် အမေရိကန်နိုင်ငံ လပ်ဗီးဂတ်စ်မြို့တွင် ဇွန် ၂၃ ရက်၌ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ကြောင်း သိရသည်။

◆ **အေးဗစ်ဖလား တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ပေါ်ဟန်နီ မက်သရူးက ရုရှားမှ ဒါဗီဒန်ကိုအား ၂-၆၊ ၆-၂၊ ၆-၁၊ ၇-၅ ဖြင့် အနိုင်ရရှိခဲ့သည်။** (ကိုးကား-အင်တာနက်)

လက်ထပ်ထိမ်းမြားမင်္ဂလာ ကျေးဇူးတင်လွှာ

Bachelor of Business (Marketing), Melbourne, Australia

နှင့်

B.Sc (Biotechnology)

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ကျိုက်ထိုမြို့၊ မွန်ပြည်နယ်၊ ကြေညာချက်

ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့မှ ၂၀၀၆-၂၀၀၇ခုနှစ် ဘုရားပွဲတော်ကာလအတွင်း သိမ်းဆည်းထားသည့် အောက်ဖော်ပြပါပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း ၂၃-၄-၂၀၀၇ရက်ရုံးချိန်အတွင်း ကျိုက်ထီးရိုးဂေါပကအဖွဲ့ရုံး ကင်မွန်းစခန်း၌ တင်ဒါလက်ခံမည်ဖြစ်ပြီး ၂၄-၄-၂၀၀၇ရက် နံနက် ၁၀နာရီတွင် တင်ဒါဖွင့်လှစ်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

တင်ဒါရောင်းချမည့်ပစ္စည်းများ

၁။	ရွှေလောင်စက္ကူ(မြေခွံအိတ်ဖြင့်)	၁၁၉ အိတ်
၂။	ကန်မြေ(မြေခွံအိတ်ဖြင့်)	၅၉ အိတ်
၃။	သုတ်ဖတ်[ကြောင်ချေး](မြေခွံအိတ်ဖြင့်)	၄ အိတ်
၄။	ရွှေပန်းချီအသုံးပြုသည့်အကျီ၊ ပုဆိုး၊ လက်သုတ်ပဝါ	၁ ထုပ်

ကျိုက်ထီးရိုးစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၊ကင်မွန်းစခန်း။

မဟာစည်ခုနစ်ရက်တရားစခန်းပွဲ

ရန်ကုန် ဧပြီ ၇

တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် သာသနဗေယျမင်္ဂလာ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညိန္ဒကကမ္မဋ္ဌာနာစရိယအဖြစ် မဟာစည်ခုနစ်ရက်တရားစခန်းကို ဧပြီ ၂ ရက်မှ ၁၈ရက်အထိဖွင့်လှစ်မည်ဖြစ်သည်။ တရားစခန်းဝင်လိုသူ ယောဂီများ ဧပြီ ၁၁ရက် ညနေ အရောက်လာကြရန် အကျိုးတော်ဆောင်အဖွဲ့ကနှိုးဆော်ထားသည်။

(က-ပ)

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ စာဂလမ်းသွယ်(၁၇)၊ အမှတ် ၇၉၁ နေ ဗိုလ်မှူးကြီးမြင့်အောင်(ငြိမ်း) (ဒါရိုက်တာ၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်)-ဒေါ်နုနုရီ (မြန်မာ့သိပ္ပံနှင့်နည်းပညာသုတေသနဦးစီးဌာန)တို့၏သား၊

မောင်သီဟအောင်

B.E (Mechatronics),B.Sc (Hons:) CIS (NCC) (UK)

နှင့်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် ၁၅၁ နေ (ဦးကျော်နောင်)-ဒေါ်ကြည်ကြည်ဝင်း (အထက်တန်းပြ၊ အထက-၂၊ လှိုင်)တို့၏သမီး

မဥသန္တာကျော်

B.E (Mechatronics), M.E (Thesis)

တို့၏ ၇-၄-၂၀၀၇ရက် (စနေနေ့) Dusit Inya Lake Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲ အခမ်းအနားသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးသော ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့်ဇနီး ဒေါ်ကြည်ကြည်အုန်း၊ မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ် ဆင်မြန်းချီးမြှင့်ပေးသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးသော ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းနှင့်ဇနီး ဒေါ်မာမာဝေ၊ ဒုတိယဗိုလ်ချုပ်ကြီးဘုန်းမြင့်(ငြိမ်း)၊ ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်(ငြိမ်း)နှင့်ဇနီး၊ စစ်ဘက်နယ်ဘက်များမှ အရာရှိကြီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ ၄-၄-၂၀၀၇ရက် Central Hotel တွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးသော ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေးသီဆိုပေးသော တေးသံရှင် ဒေါ်တင်တင်မြ၊ အေဝမ်းစိုးမြင့် တေးဂီတအဖွဲ့နှင့် တေးသံရှင်များ၊ မင်္ဂလာပန်းကြဲပေးသော မဝါဝါဝင်းကြိုင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးကိုင်ဆောင်ပေးသော မခိုင်ပြည့်စုံကြိုင်၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော မဇင်မေကျော်၊ သတို့သားအရံ မောင်နေမျိုးဇော်၊ သတို့သမီးအရံ မငြိမ်းဆုသာ၊ မေတ္တာဖြင့် စိန်ရတနာများဆင်မြန်းပေးသော ဒေါ်သက်ထားဆွေ(Hallmark)၊ မိတ်ကပ်ဆံပင်အလှဖန်တီးပေးသော ကိုမာနှင့်အဖွဲ့၊ မှတ်တမ်းတင်ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးပေးသော ဝဏ္ဏခွာနီးနှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံများ ချုပ်လုပ်ပေးသော ကိုမြင့်စိုး(ဗိုလ်ချုပ်ဈေး)အားလည်းကောင်း၊ Dusit Inya Lake Hotel မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးသော ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်သီဟအောင်-မဥသန္တာကျော်။

(၃)နှစ်ပြည့်မွေးနေ့ဆုမွန်လွှာ

သမီးလေး **မခိုင်ဆုသွယ်** ၏ ၈-၄-၂၀၀၇ရက်တွင်ကျရောက်သော (၃)နှစ်မြောက် မွေးနေ့ရက်မြတ်မှသည် နှစ်ပေါင်းများစွာတိုင်အောင် ချစ်သောဖေဖေ၊ ချစ်သောမေမေတို့နှင့်အတူ ပျော်ရွှင်ချမ်းမြေ့သောဘဝခရီးကို လျှောက်လှမ်းပြီး ထူးချွန်ထက်မြက်သော သမီးကောင်းရတနာလေး ဖြစ်ပါစေ။

ဖေဖေ - ဗိုလ်မှူးရဲကျော်မိုး (မြို့တော်စည်ပင်၊ ရန်ကုန်)
မေမေ - ဒေါ်မြလဲ့လဲ့ခိုင်။

MYANMAR IVANHOE COPPER COMPANY LIMITED (TENDER NOTICE)

TENDER, IFB No. TRA07 (TRANSPORT SERVICES)
Supply of transport services for the transport of copper cathode, general cargoes, sulphuric acid and other hazardous chemicals from/to the port of Yangon, MICCL's main warehouse at mine site in Monywa, Myanmar.

CLOSING DATE & TIME 4th May 2007 at 4pm

Tender documents are available at the following address and queries can be done between 10 am to 4pm at MICCL Yangon office before the tender closing date.

Myanmar Ivanhoe Copper Company Limited
70 (1) Bo Chein Street, Pyay Road, Hlaing Township
Yangon, Myanmar (Tel: (95) 1 514194 to 7/ Fax: (95) 1 514208/ Email: miccl@miccl.com.mm)

မိဘအမည်မှန်

ကမာရွတ် T.T.C Grade-6(B)မှ မောင်ရဲဖြိုး၏မိဘအမည်မှန်မှာ ဦးမိုးဇော်နှင့် ဒေါ်ခင်မျိုးသက်တင် ဖြစ်ပါကြောင်း။

ဦးမိုးဇော်
၁၂/စခန(နိုင်)၀၀၁၀၉၉
ဒေါ်ခင်မျိုးသက်တင်
၁၂/ကမတ(နိုင်)၀၄၁၃၂၁။

UNIQUE STAR TRAVELS & TOURS CO.,LTD

Rm (05), Asia Plaza, Ph: 391 372, 391 373, 391 410, 09 514 8079

ငါးထပ်ကြီးဘုရားလမ်းမိသားစု စုပေါင်းဒုလ္လဘရဟန်းခံရှင်ပြုမင်္ဂလာ

ရန်ကုန် ဧပြီ ၇

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ တောင်တွင်းကြီးကျောင်းတိုက်ဆရာတော်အမှူးပြုသော ငါးထပ်ကြီးဘုရားလမ်းမိသားစု၏ ဆဋ္ဌမအကြိမ်မြောက် စုပေါင်း ဒုလ္လဘရဟန်းခံရှင်ပြု အလှူတော်မင်္ဂလာအခမ်းအနားကို ဧပြီ ၁၁ရက်နှင့် ၁၂ရက်တို့တွင် အဆိုပါကျောင်းတိုက်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

(က-ပ)

ယနေ့ မီးဘေးကြိုတင် ကာကွယ်ရေးသည် မနက်ဖြန် မီးဘေးလုံခြုံရေး ဖြစ်သည်

	ROB-B-HOOD	JACKIE CHAN, LOUIS KOO, BAOBAO CHEN, CHARLENE CHOI
	DHOOM - 2	HRITHIK ROSHAN, AISHWARYA RAI, ABHISHEK BACHCHAN
	BLOOD DIAMOND	LEONARDO DICAPRIO, DJIMON HOUNSOU, JENNIFER CONNELLY
	CURSE OF THE GOLDEN FLOWER	CHOW YUN-FAT, GONG LI, JAY CHOU

သင်္ကြန်အကြိုပျော်ပွဲရွှင်ပွဲကြီး

BigBag Cobra

12-4-07(THU) 3pm to 11pm
YUZANA GARDEN HOTEL

DJ Octo Remix CD

Pioneer Club, UNCLE SAM, KSL, NOBODY

စကျွဒါန မျက်စိကုဆေးရုံဆောက်လုပ်ရေး ပန္နက်တင် ရပ်နီးရပ်ဝေးမှ စေတနာရှင်များ လှူဒါန်းကုသိုလ်ပြုနိုင်

သီပေါ မတ် ၄

စစ်ကိုင်း သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ၏ ဦးဆောင်စီမံမှုဖြင့် စကျွဒါန မျက်စိကုဆေးရုံ ဆောက်လုပ်ရေးအတွက် ပန္နက်တင် မင်္ဂလာအခမ်းအနားကို မတ် ၂ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ မဟာမြတ်မုနိ ဘုရားကြီးတောင်ဘက် ဝတ္တကမြေအတွင်း၌ကျင်းပရာ သီတဂူ ဆရာတော်ဒေါက်တာအရှင်ဉာဏိဿရ၊ သီပေါမြို့နယ် သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝါသဝ၊ မဟာမြတ်မုနိဘုရားကြီးတိုက် ဆရာတော်ဘဒ္ဒန္တပညာသီရိတို့ကြွရောက်တော်မူပြီး (ဝဲပုံ) **မြို့နယ်ဥက္ကဋ္ဌ ဦးခင်ကြည်နှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဗိသုကာပညာရှင်များနှင့် ဆေးရုံဖြစ်မြောက်ရေးအဖွဲ့ဝင်များ တက်ရောက်ကြသည်။**

အခမ်းအနားတွင်ရဟန်း၊ သာမဏေများနှင့် သီလရှင်များ အခမ်း၊ လူပုဂ္ဂိုလ်များ ဆေးဖိုးအလှူတော်မျှဖြင့် လက်ခံစောင့်ရှောက် ကုသပေးမည့် သီပေါမြို့ စကျွဒါန မျက်စိကုဆေးရုံတော်ဆောက်လုပ်ရေးအတွက် သီတဂူ ဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ၏ကြီးကြပ်စီမံမှုဖြင့် သက်ဆိုင်ရာ ဗိသုကာပညာရှင်များက တိုင်းတာ၍ ပန္နက်တင်ခြင်းတို့ကို ကျင်းပကြသည်။

ယင်းနေ့ ည ၇နာရီတွင် သီပေါမြို့ မဟာမြတ်မုနိဘုရားကြီး ကျောင်းတိုက် ဓမ္မသဘင်ခန်းမ၌ သီတဂူ ဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ စကျွဒါန အလှူတော်တရားကို ဟောကြား ချီးမြှင့်တော်မူသည်။

အဆိုပါသီပေါမြို့ စကျွဒါနမျက်စိ အထူးကု ဆေးရုံတော် ဖြစ်မြောက်ရေး အတွက် သီတဂူဆရာတော်ကငွေကျပ်သိန်း၁၀၀ကျော်တန် အထောက်အကူပြု ပစ္စည်းကိရိယာများကို မတည်လှူဒါန်းမည်ဖြစ်ပြီး ငွေကျပ်သိန်း၆၀၀ခန့်ကုန်ကျမည့် ဆေးရုံတော် အဆောက်အအုံ ဆောက်လုပ်ရေးအတွက် ရပ်နီးရပ်ဝေးမှ စေတနာရှင်များ ပါဝင်လှူဒါန်းကုသိုလ် ပြုနိုင်ကြကြောင်း သိရသည်။**(က-ပ)**

အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း စက်ချုပ်၊သိုးမွေးစက်ဆွဲနှင့် ကနုကမာကျောက်စီပန်းချီ သင်တန်းဆင်း

မင်းတပ် ဧပြီ ၃

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ မင်းတပ် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်ကျောင်းမှ ဖွင့်လှစ်သည့် အခြေခံစက်ချုပ်သင်တန်း အမှတ်စဉ် (၁၀)၊ အဆင့်မြင့် စက်ချုပ်သင်တန်းအမှတ်စဉ် (၅)၊ သိုးမွေးစက်ဆွဲသင်တန်းအမှတ်စဉ် (၈)၊ ကနုကမာကျောက်စီပန်းချီသင်တန်း အမှတ်စဉ်(၈)၊ အခြေခံ ရက်ကန်း သင်တန်းအမှတ်စဉ်(၄) သင်တန်းများ သင်တန်းဆင်းပွဲ အခမ်းအနားကို မတ် ၃၀ ရက် နံနက် ၉နာရီက အဆိုပါ သင်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မင်းတပ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးသန်းမြင့်က အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်မိုးမြင့်က သင်တန်း၌ သင်ကြားပေးသည့် ဘာသာရပ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အောင်လက်မှတ်

ထို့နောက် ထူးချွန်ဆု ရရှိသူများကို တာဝန်ရှိပုဂ္ဂိုလ်များက ဆုများချီးမြှင့်ကြပြီး သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်သည်။

တက်ရောက်

သင်တန်းဆင်းပွဲသို့ မင်းတပ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းမြင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များမှ အမှုဆောင်များ တက်ရောက်ကြသည်။

သင်တန်းသို့ သင်တန်းသူ ၄၆ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ သုံးလ လေ့ကျင့်သင်ကြား ပေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပဋ္ဌာန ဓမ္မပူဇာပွဲနှင့် ရှင်ပြု၊ နားသ အလှူပွဲကျင်းပ

ကျိုက်ထို ဧပြီ ၄

မွန်ပြည်နယ် ကျိုက်ထိုမြို့ ဆိပ်ဖူးတောင် လူငယ်ဖွံ့ဖြိုးရေး (ပရဟိတ) ဂေဟာတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် မိဘနှစ်ပါးဖြစ်ကြသော (ဦးခင်မောင်မောင်)[ဒုတိယဝန်ကြီး-ငြိမ်း၊ အမှတ် (၁) စက်မှုဝန်ကြီးဌာန]နှင့် (ဒေါ်မိမိခင်) သီဟသုဓမ္မသီဂီ၊ အဂ္ဂမဟာသီရိသုဓမ္မသီဂီ၊ လူမှုထူးချွန်ပထမဆင့်တို့အား ရည်စူး၍ သားသမီးများဖြစ်ကြသော ကိုတိုး၊ ကိုစိုး၊ ကိုဖြိုး-မတင်စန္ဒာအေး၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် ဇနီးဒေါ်မိုးသီတာ၊ သမီး မခင်အင်ကြင်းတို့၏ ပဋ္ဌာန ဓမ္မပူဇာပွဲနှင့် ရှင်ပြု၊ နားသ အလှူတော်မင်္ဂလာ အခမ်းအနားကို မတ် ၃၁ရက်က စည်ကားသိုက်မြိုက်စွာကျင်းပသည်။ **(ဝဲပုံ)**

တက်ရောက်

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး မျိုးမြင့်ခိုင်နှင့်ဇနီး၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စောလင်း၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်ညို၊ မြို့နယ်သာသနာရေးဦးစီးမှူးဦးမောင်ဘို၊ မြို့နယ်ပညာရေးမှူး ဦးမြသန်း၊ တိုင်းရေနံရောင်းဝယ်ရေးအရာရှိဦးစိန်မြင့်နှင့် မိသားစုများ၊ ပဋ္ဌာန်းအလှူရှင် ဦးမင်းဇော်နှင့် မိသားစုများ တက်ရောက်ကြသည်။ **(က-ပ)**

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ ခုနှစ်
နှောင်းတန်ခူးလပြည့်ကျော် ၈ ရက်
၉-၄-၂၀၀၇ (တနင်္လာနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ မေတ္တသုတ်နှင့် ခန္ဓသုတ်)

နေ့လယ်ပိုင်း

၁၁း၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (မျိုးထိန်းသိမ်းရန်လိုအပ်သည့် မြန်မာ့ကျောက်ငါးမျိုးများ)
၁၁း၄၀ သုတစုံစွာသိမှတ်စရာ (ကျန်းမာရေးအကြောင်း သိကောင်းစရာတချို့-သိပ္ပံမှူးတင်)
၁၂း၀၀ တစ်ပတ်အတွင်း သတင်းပဒေသာ (ပြည်တွင်း)
၁၂း၂၅ အားကစားသတင်းပဒေသာ
၁၂း၃၅ သီချင်းကြီးပဒေသာ
(၁) သံသာကြိုးညင်းသီချင်းခန့်ကြီး (မူမူခင်)
(၂) ကန်မင်းကသာပတ်ပျိုး (အိမ်မဲလှမြင့်)
(၃) နန်းရွှေညာယိုးဒယား (မြင့်မြင့်သိန်း)

ညနေပိုင်း

၁၆း၁၀ မြတ်နိုးစရာကျေးရွာတေးကဗျာ
(၁) တောသူနဲ့ တောပန်း (ချိုပြုံး)
(၂) ရွာသို့ အလည်တစ်ခေါက် (လှဆောင်ဦး)
(၃) မြို့သားလူချော (မေသစ်)
၁၆း၃၀ နိုင်ငံ့စီးပွားကျေးလက်ထုတ်ကုန်များ (ရိုးရာမပျက်စေဘဲ တီထွင်ထုတ်လုပ်နေသည့် စစ်ကိုင်းကြိမ်ထည်များ)
၁၇း၃၀ တစ်ပတ်အတွင်း သတင်းပဒေသာ (ပြည်တွင်း)
၁၇း၄၀ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (နှစ်သစ်ကူးသင်္ကြန်ပွဲတော်-ကံ့ကော်ဦး)
၁၈း၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)
၁၉း၁၅ နိုင်ငံတော်သံစုံတီးဝိုင်း ဖျော်ဖြေမှုအစီအစဉ်
၂၀း၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ရေနန်းဗိမာန် (ရီရီခင်)
(၂) ပန်းပိတောက်သက်သေ (စန္ဒရားချစ်ဆွေ)
(၃) နေ့စဉ်ပိတောက်ပွင့်ပါစေ (အေဝမ်းတင်တင်လှ)

ရိုးရာသင်္ကြန်ကာလ သတိပြုရန်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလ ရန်ကုန်တိုင်းအတွင်း ယာဉ်မောင်းသူများ လိုက်နာရန်။
- (၁) မူးယစ်သောက်စား ယာဉ်မမောင်းရ။
- (၂) အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင်မမောင်းရ၊ လုမမောင်းရ။
- (၃) မော်တော်ယာဉ်များတွင် အိတ်ဇောပိုက် ဖြုတ်မမောင်းရ။
- (၄) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။
- (၅) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်း လုံးဝမပြုရ။
- (၆) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်း မပြုရ။
- (၇) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗီးတက်)မပါဘဲ မမောင်းရ။
- (၈) ဖျက်သိမ်းထားသော ယာဉ်အို/ယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲ ယာဉ်များ မမောင်းရ။
- (၉) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်း မပြုရ။
- (၁၀) ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း မည်သည့် မော်တော်ဆိုင်ကယ်မျှ စီးနင်းခြင်း လုံးဝမပြုရ။
- (၁၁) ဟွန်းသံကင်းမဲ့ဇုန်များအတွင်း ဟွန်းလုံးဝမတီးရ။

(ခ) ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။
(ဂ) သင်္ကြန်ကာလအတွင်း ယာဉ်မောင်းနှင်သူများအား အရက်သေစာ သောက်စားထားခြင်း ရှိ/မရှိ အရက်မူးတိုင်းကိရိယာ (Alcohol Tester) ဖြင့် တိုင်းတာစစ်ဆေး၍ အရေးယူဆောင်ရွက်သွားပါမည်။
(ဃ) ယခုအခါ အချက်အချာကျသော လမ်းဆုံ/လမ်းခွ မီးပွိုင့်များတွင် ခေတ်မီပစ္စည်း ကိရိယာများဖြစ်သော CCTV Camera, Red Light Camera များတပ်ဆင်ထားပြီးဖြစ်သဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုများအား အဆိုပါ ကင်မရာများဖြင့် ရိုက်ကူးပြီး အရေးယူဆောင်ရွက်သွားပါမည်။
(င) "သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကို အကျည်းတန် မညစ်နွမ်းပါစေနှင့်"

ရန်ကုန်တိုင်းယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ကြက်ငှက်တုပ်ကွေးကာကွယ်ရေး သံဖြူဇရပ်၌ အသိပညာပေး ဟောပြော

သံဖြူဇရပ် မတ် ၂၀

သံဖြူဇရပ်မြို့နယ်အတွင်းကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ပြည်သူများအား အသိပညာပေး ဟောပြောပွဲကို မတ် ၉ ရက် နံနက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရုံးခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်ဦး၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာတင်ဌေး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်၊ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ မွေးမြူရေး လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်က အသိပညာပေးဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားပြီး မြို့နယ်ကျန်းမာရေးမှူး ဒေါက်တာတင်ဦး၊ မြို့နယ်ကုသရေးနှင့် မွေးမြူရေးဦးစီးအရာရှိ ဒေါက်တာတင်ဌေး၊ မြို့နယ်စည်ပင်သာယာရေး ဦးစီးဌာန အမှုဆောင်အရာရှိ ဦးတင်မောင်သန်းတို့က ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ရောဂါကူးစက် မပြန့်ပွားစေနိုင်ရေးတို့အတွက် တက်ရောက်လာကြသည့် ပြည်သူများအား အသိပညာပေး ဟောပြောကြသည်။ **(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)**

ကောလင်း လွယ်မောက်တောင်စေတီတော် ဗုဒ္ဓပူဇနိယပူဇော်ပွဲကျင်းပ

ကောလင်း ဧပြီ ၂

နှစ်စဉ်ကျင်းပမြဲဖြစ်သော စစ်ကိုင်းတိုင်း ကောလင်းမြို့နယ် ရေကန်သာအုပ်စု လွယ်မောက်တောင်စေတီ (၆၃) ကြိမ်မြောက် ဗုဒ္ဓပူဇနိယ ပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မြို့နယ်သံဃနာယကအဖွဲ့ ဆရာတော်ကြီးများ၊ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တပရဝ၊ ဒုတိယဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တကောသလ္လ(စူဠဂန္ဓဝါစက)နှင့် အကျိုးတော်ဆောင်များ အုပ်စု၊ သံဃာတော်များ၊ မြို့နယ် ဥပဋ္ဌာကအဖွဲ့ဝင်များနှင့်ပွဲဖြစ်မြောက်ရေး ကော်မတီဝင်များက မတ် ၉ရက်မှ ၁၃ ရက်အထိ ငါးရက်တိုင်ကျင်းပကြသည်။

မတ် ၁၃ ရက်နံနက် ၉နာရီတွင် လွယ်မောက်တောင်ဘုရားရင်ပြင်တွင် ပင့်သံဃာတော်အပါး ၅၀၀ ကျော်တို့အား ဆွမ်းဆန်စိမ်း လောင်းလှူကြသည်။ **(၀၂၆)**

မန္တလေးတိုင်းဒေသကြီး ဗုဒ္ဓဂယာမြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များ၏အဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး (ဗုဒ္ဓဘာသာပညာရေးဗိမာန်တော်ကြီး)အတွက် ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် ရွှေခင်းသာလမ်း အမှတ် ၁၉/၃/ခ ရပ်ကွက်နေ ကျောင်းအလှူရှင် ဦးစိုးညွန့်- ဒေါ်သက်သက်မွန်၊ သား မင်းထွန်းအောင်၊ လင်းဘုန်းမြတ်၊ သမီး လင်းပြည့်ပြည့်ဖြိုး မိသားစုက ကျောင်းအလှူငွေကျပ် ၂၅၀၀၀၀ကို လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင် ဆရာတော် ဦးဂန္ဓသာရ (မဟာသိမ်တော်ကြီး)က လက်ခံယူစဉ်။ (က-ပ)

ဆွမ်းဆန်စိမ်းနှင့် စာရေးတံမဲ လောင်းလှူမည်

ရေဦး ဧပြီ ၂

စစ်ကိုင်းတိုင်း ရေဦးမြို့မန်ကျည်းတောရပ် ဒက္ခိဏာရာမကျောင်းတိုက်နာယက ဆရာတော်များဦးဆောင်၍ ၁၃၆၉ခုနှစ် ကဆုန်လဆန်း ၂ ရက်မှ ၆ ရက်အထိ(၁၇)ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ၊ ကဆုန်လဆန်း ၇ရက်တွင် သက်တော်ရှည်စေတီ၊ လာဘမုနိစေတီ၊ ရှစ်မျက်နှာစေတီတော် ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ၊ ရွှေထီးတော်တင်လှူပွဲနှင့် ကဆုန်လဆန်း ၈ ရက်တွင် ပင့်သံဃာအပါး ၁၀၀ကျော်တို့အား ဆွမ်းဆန်စိမ်းနှင့် စာရေးတံမဲ လောင်းလှူပွဲများကျင်းပပြီး ကဆုန်လဆန်း ၈၊ ၉ရက်ညတို့တွင် မန္တလေးလိုင်ဘွားအောင်ဇာတ်သဘင်ဖြင့် ပျော်ပွဲရွှင်ပွဲများ ကပြဖျော်ဖြေမည်ဖြစ်သည်။ ကဆုန်လဆန်း ၁၁ ရက်မှ ၁၃ ရက်အထိ နှစ်သစ်ဦးဓမ္မသဘင်ပွဲကို ရန်ကုန်မြို့ ပုပ္ပား(၃)ကျောင်း မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် နယ်လှည့်ဓမ္မကထိက အစိုးရဓမ္မာစရိယ ရေဦးဆရာတော် အရှင်နန္ဒာသိရီသည် မိုးကုတ်ဆရာတော်ကြီး၏ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ရန်ကုန်တိုင်း တာမွေမြို့နယ် နတ်ချောင်း ရပ်ကွက် မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီးဝင်းအတွင်း အသစ် ဆောက်လုပ်မည့် ဝိသာခါ နှစ်ထပ်ကျောင်းဆောင်သစ်အတွက် မဟာနဒုတိယဥက္ကဋ္ဌ ဘဒ္ဒန္တ တေဇနိယ (ရေနံချောင်း ဆရာတော်) ရှေ့မှောက်၌ ရေစက်ချကာ အလှူရှင် အစ်မကြီး ဒေါ်သန်းအား အမှူးထား၍ အမှတ် ၁၉၇၊ ၅၁လမ်း၊ ပုဇွန်တောင်မြို့နယ်နေ ဒေါက်တာစိုးလွင်-ဒေါ်နီနီမိသားစုက ငွေကျပ်တစ်သိန်းကို လှူဒါန်းရာ ဂေါပကအလုပ်အမှုဆောင်နှင့်ဘဏ္ဍာရေးမှူး ဦးခင်ဇော်က လက်ခံယူစဉ်။ (က-ပ)

အမြို့မြို့ အနယ်နယ် သတင်းများ

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကချင်ပြည်နယ်၏ ဂုဏ်ဆောင် ဧရာဝတီမြစ်ကူး ဗလမင်းထင် တံတားတောင်ကုန်းထိပ်မြေခင်းအလှတွင် ပန်းများ ဝေဆာပွင့်ဖူး လှပစေရန်အတွက် ပန်းအလှပင်များ ဖြည့်တင်း စိုက်ပျိုးခြင်းလုပ်ငန်းကို မတ် ၂ ရက်က ဒုတိယ ညွှန်ကြားရေးမှူး ဦးမြတ်စိုးနှင့် အမှုဆောင်အရာရှိလက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်တို့ ကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကျေးလက်ကျန်းမာရေး အရန်သားဖွားသင်တန်းဖွင့်

မင်းတပ် ဧပြီ ၃

ဝေးလံမြို့နယ်များ လူမှုဖွံ့ဖြိုးရေးစီမံကိန်းနှင့် မင်းတပ်ခရိုင်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့်ကျေးလက်ကျန်းမာရေး အရန်သားဖွားသင်တန်း ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂ရက် နံနက် ၉ နာရီက ခရိုင်ကျန်းမာရေးဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မင်းတပ်ခရိုင် အတွင်းရေးမှူး ဦးစီကောနှင့် မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်သိန်းတို့က အမှာစကားပြောကြားကြပြီးခရိုင်ကျန်းမာရေးတာဝန်ခံဒေါက်တာရဲကျော်စိုက သင်တန်းနှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ ခရိုင်အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ အဖွဲ့ဝင်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသူများ တက်ရောက်ကြပြီး သင်တန်းကာလမှာ စာတွေ့၊ လက်တွေ့လေ့လာကြမည် ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် ဘုရင့်နောင်လမ်းမကြီး ရွှေပိတောက်ရိပ်မွန် ရွှေသစ်ခွလမ်း တိုက်(R) အခန်း(၆)နေ ဦးသက်တင်-ဒေါ်သောင်းရီ၊ သမီး မခင်ချိုသင်း၊ မစုသက်တင်မိသားစု၊ ကိုဇော်ဝင်း၊ မခိုင်မိုးသက်၊ မပြည့်ဖြိုးသွယ်၊ မနှင်းသီရိအောင် မိသားစုနှင့် မအေးအေးခိုင်၊ မဥမ္မာမိုး၊ မခိုင်ခိုင်ဦး၊ မခိုင်မိုးသက် သူငယ်ချင်းတစ်စုတို့က ဧရာဝတီတိုင်း မြန်အောင်မြို့ ပရဟိတမြို့ ရွှေကျောင်းတိုက် မြန်အောင်သမ္ဗုဒ္ဓေစေတီရံများ ရာသက်ပန် ရွှေသင်္ကန်း ထာဝရပဒေသာပင်သုံးပင်အတွက် ငွေကျပ်သုံးသိန်းလှူဒါန်းရာ သာသနာပြု ဆရာတော်က ဂုဏ်ပြုလွှာပြန်လည်ချီးမြှင့်တော်မူစဉ်။ (က-ပ)

ပဲကြိုးဖြတ်ဖွင့်လှစ်

ကြို့ပင်ကောက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ပဲခူးတိုင်း (အနောက်ပိုင်း) ကြို့ပင်ကောက်မြို့နယ် မှန်ပင်ထူး အုပ်စု ကျခတ္တန်းကြီး ကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး ကျေးလက်ကျန်းမာရေးဌာနခွဲအဆောက်အအုံ ဖွင့်ပွဲကို မတ် ၂၆ ရက်က ကျင်းပရာ တိုက်နယ်ဆရာဝန် ဦးဝေဖြိုးကျော်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးပန်းကြိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ကြစဉ်။ (ဝ၄ဝ)

ရွှေတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့မဈေး မီးဘေးကာကွယ်ရေး သရုပ်ပြလေ့ကျင့်

ရွှေတောင် ဧပြီ ၁

ပဲခူးတိုင်း(အနောက်ပိုင်း)ရွှေတောင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရွှေတောင် မြို့မဈေး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်မှုကို မတ် ၂၅ ရက်မွန်းလွဲ ၂နာရီခွဲက ရွှေတောင်မြို့မဈေးတွင် ဆောင်ရွက်ကြသည်။**(အောက်ပုံ)**

သရုပ်ပြ

သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်ရာသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ဝင်း၊ အတွင်းရေးမှူး ဦးသိန်းဇော်၊ အဖွဲ့ခေတ္တအမှုဆောင်အရာရှိဒေါ်ဝါဝါမြင့်၊ ဒုတိယဦးစီးမှူး(အခွန်)နှင့် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဒုတိယဦးစီးမှူး ဦးမိုးကျော်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့မဈေးသီးသန့်အရန် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့ပေါ် သုံးရပ်ကွက်မှ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မီးသတ်ယာဉ်များ၊ မြို့နယ်ဒုတိယ ရဲတပ်ဖွဲ့မှူး ခင်မောင်ရီနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် လူမှုရေးအသင်း အဖွဲ့တို့မှ အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဈေးမိဈေးဖနှင့် ဈေးသာယာရေးအဖွဲ့ဝင်များပါဝင် ဆောင်ရွက်ခဲ့ကြပြီး ရွှေတောင်မြို့မဈေး မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် တားဆီးရေးစီမံချက်ပါ လုပ်ငန်းများအတိုင်း သရုပ်ပြဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ယင်းမာပင်မြို့၌ စာဖတ်ပွဲဆုရသူများ ဆုပေးအပ်ချီးမြှင့်

ယင်းမာပင် ဧပြီ ၂

ယင်းမာပင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်မြင်သံကြားခန်းမတွင် မတ် ၂၂ ရက် နံနက် ၁၁နာရီခွဲက စာဖတ်ပွဲ အခမ်းအနားကို ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးလှိုင်က အဖွင့်အမှာစကားပြောကြားပြီး ခေတ်သစ်ကိုလိုနီနယ်ချဲ့၏ အန္တရာယ်ခေါင်းစဉ်ဖြင့် မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့မှ ဒေါ်ခင်ညိုကလည်းကောင်း၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဝင်းမြင့်ကလည်းကောင်း၊ ယင်းမာပင်မြို့ အထကမှ အထက်တန်းပြဆရာ ဦးသန်းစိန်ကလည်းကောင်း အသီးသီးဆွေးနွေးတင်ပြကြရာ ၎င်းတို့ ဆွေးနွေးချက်များအပေါ် မြို့နယ်ဦးစီးမှူး ဒေါ်စိုးစိုးဝင်းက ခြုံငုံသုံးသပ် ဆွေးနွေးတင်ပြသည်။

ချီးမြှင့်

ဆက်လက်ပြီး စာဖတ်သူအများ ဆုံး ဆုပေးပွဲအခမ်းအနားကိုကျင်းပရာ စာဖတ်အများဆုံး ပထမဆုရ မငယ်ငယ်အား မြို့နယ်ဥက္ကဋ္ဌ ဦးစိုးလှိုင်ကလည်းကောင်း၊ ဒုတိယဆုရ မစန္ဒာစိုးအား မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီပြုံးကလည်းကောင်း **(အပေါ်ပုံ)**၊ တတိယဆုရ မောင်ခင်စိုးအား မြို့နယ်ရဲတပ်ဖွဲ့မှူး၏ဇနီး ဒေါ်မြင့်မြင့်ကြည်က လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို မြို့ပတ်လမ်းဖောက်လုပ်မှုနှင့် ဒေသဖွံ့ဖြိုးရေး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၇

မွန်ပြည်နယ် မော်လမြိုင်မြို့တွင် ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဧပြီ ၄ရက် နံနက်ပိုင်းက မော်လမြိုင်မြို့ရှိ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ခြံစည်းရိုးပျိုးပွဲတော်သို့ တက်ရောက်အားပေးပြီး ခြံစည်းရိုးကြက်ဆူပျိုးကိုင်းနှင့် မျိုးစေ့များကို ပျိုးအိတ်များအတွင်း၌ ပျိုးထောင်ပေးသည်။

စာမျက်နှာ ၄ ကော်လံ ၃ ❐

ကတိုက် ရေလှောင်တမံ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို ပေါင်မြို့နယ်ရှိ ကတိုက် ရေလှောင်တမံကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အမှာစကားပြောကြား

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြဝတီ ရုပ်မြင်သံကြား ဒွါဒသမနှစ်ပတ်လည်နေ့ ထူးချွန်ဝန်ထမ်းဆုနှင့် မြဝတီ စာပေတိုက်၊ မြဝတီငွေတာရီမဂ္ဂဇင်း နှစ်ပတ်လည် အကောင်းဆုံး စာမူဆု၊ မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲတွင် ဂုဏ်ပြုအမှာ စကားပြောကြားစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား၊ မြဝတီ၊ ငွေတာရီမဂ္ဂဇင်း နှစ်ပတ်လည်နေ့ ထူးချွန်ဝန်ထမ်း၊ အကောင်းဆုံးစာမူ၊ ရောင်စုံဓာတ်ပုံပြိုင်ပွဲဆုချီးမြှင့်

ရန်ကုန် ဧပြီ ၇

မြဝတီရုပ်မြင်သံကြား ဒွါဒသမနှစ်ပတ်လည်နေ့ ထူးချွန်ဝန်ထမ်းဆုနှင့် မြဝတီစာပေတိုက်၊ မြဝတီ၊ငွေတာရီမဂ္ဂဇင်း နှစ်ပတ်လည် အကောင်းဆုံးစာမူဆု၊ မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေဖြနာရီခွဲက မှော်ဘီမြို့ရှိ မြဝတီရုပ်မြင်သံကြား၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ချီးမြှင့်၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှရွှေနှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံဓာတ်ပုံအသင်း၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံးတို့မှ တာဝန်ရှိသူများ၊ မြဝတီရုပ်မြင်သံကြားမှ စစ်သည်/ဝန်ထမ်းများ၊ မြဝတီနှင့် ငွေတာရီမဂ္ဂဇင်း နှစ်ပတ်လည်အကောင်းဆုံးစာမူဆုနှင့် မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုရရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အချိန်နှင့်တစ်ပြေးညီ

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် လူထုဆက်သွယ်ရေးလုပ်ငန်းအမျိုးမျိုးရှိသည့်အနက် ပြည်သူလူထုအတွင်း အလျင်မြန်ဆုံးနှင့် အထိရောက်ဆုံး ဆောင်ရွက်နိုင်သည်မှာ ရုပ်မြင်သံကြားပင်ဖြစ်ကြောင်း။ ရုပ်မြင်သံကြား၏ အစွမ်းထက်မှုကြောင့် အချိန်တိုအတွင်းတွင် ကမ္ဘာ့ပြောင်းလဲမှုဖြစ်စဉ်များကို အချိန်နှင့်တစ်ပြေးညီ သိမြင်နိုင်ကြပြီး အကျိုးအပြစ်သင်ခန်းစာများကိုလည်း ဖော်ထုတ်ပေးနိုင်ကြောင်း။

ဇွတ်အတင်းသွတ်သွင်း

ယနေ့ ခေတ်မီအီလက်ထရွန်နစ် သတင်းဖြန့်ချိမှု နည်းလမ်းများကို တွင်ကျယ်စွာ အသုံးပြုနိုင်သည့် နိုင်ငံကြီးတချို့သည် ခေတ်မီပြန်ကြားရေးနည်းစနစ်များကို အသုံးချပြီး ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် ၎င်းတို့၏ အတွေးအခေါ်၊ အယူအဆ၊ လူနေမှုစနစ်နှင့် ယဉ်ကျေးမှုဓလေ့စရိုက်များကို ဇွတ်အတင်းသွတ်သွင်း လုပ်ဆောင်လျက်ရှိသည်ကို တွေ့မြင်ကြမည် ဖြစ်ကြောင်း။

စာမျက်နှာ ၆ ကော်လံ ၁ ●

NLD အပေါ် စိတ်ဝင်စားမှုမရှိ၊ ပါတီတာဝန်ဆက်ဆောင်ရွက်လိုစိတ်မရှိ ကျုံ့ပျော်မြို့နယ်မှ ပါတီဝင် ၁၄ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် ဧပြီ ၇

ဧရာဝတီတိုင်း ကျုံ့ပျော်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မှ တွဲဖက်အတွင်းရေးမှူး ဦးဝင်းတင်၊ ပါတီဝင်များဖြစ်ကြသော ဦးထွန်းစိန်၊ ဦးဝင်းသန်း၊ ဦးစံဝေလှိုင်၊ ဦးဝင်းစိုး၊ ဦးမောင်သန်း၊ ဦးအောင်မောင်တင်၊ ဦးလှဖုန်း၊ ဦးထွန်းမြင့်နှင့် ဦးငွေဉာဏ်တို့ အပါအဝင် ပါတီဝင် ၁၄ဦးတို့သည် မတ်၂၀ရက်တွင် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်လွှာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

ကျုံ့ပျော်မြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာများတွင် ၎င်းတို့အနေဖြင့် (NLD)ပါတီအပေါ် စိတ်ဝင်စားမှုမရှိတော့ကြောင်း၊ ပါတီတာဝန်များကိုလည်း ဆက်လက်ဆောင်ရွက်လိုမှုမရှိတော့ကြောင်း၊ ထို့ကြောင့် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။

(သတင်းစဉ်)

အပူချိန်

၇-၄-၂၀၀၇

နေပြည်တော်
၄၀ ဒီဂရီစင်တီဂရိတ်

ကော့သောင်း
၃၄ ဒီဂရီစင်တီဂရိတ်

သီပေါ၊ ကျောက်တော်
၃၈ ဒီဂရီစင်တီဂရိတ်

ကလေးဝ
၃၉ ဒီဂရီစင်တီဂရိတ်

ရန်ကုန်(ကမ္ဘာအေး)
၃၉ ဒီဂရီစင်တီဂရိတ်

ကန့်ဘလူ၊ ဘားအံ
၄၀ ဒီဂရီစင်တီဂရိတ်

မြင်းခြံ
၄၂ ဒီဂရီစင်တီဂရိတ်

မင်းဘူး၊ သာယာဝတီ
၄၄ ဒီဂရီစင်တီဂရိတ်